မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၁၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အိန္ဒိယသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ အေ၊ ပီ၊ ဂျေ အဗ္ဗဒူလ်ကလမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော သြစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ သြစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ် မိုက်ကယ် ဂျက်ဖရီ (အငြိမ်းစား)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ချီလီသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ချီလီသမ္မတနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စ မီရှယ်လ် ဘာချီလက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ဆက်လက်ကျင်းပ
အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍
ကိုယ်စားလှယ်များက အကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး
အိန္ဒိယဒုတိယသမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘိုင်ရွန်ဆင်းရှေခါဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၂၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊

စာမျက်နှာ ၃ ကော်လံ ၁ ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)

လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာမှုနှင့်အတူ စက်မှုကဏ္ဍပါ ဖွံ့ဖြိုးတိုးတက်ရေး အားထုတ်ကြိုးပမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီလ ၂၃ ရက်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီး၌ တည်ရှိသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ (ရွာသာကြီး)သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က–

"အောက်မြန်မာပြည်အခြေစိုက် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ (ရွာသာကြီး)အဖြစ် တည်ဆောက်သွားရာ၌ စက်ပစ္စည်းပြောင်းရွှေ့မှုများ အလေအလွင့်မရှိစေရန်၊ ကုန်ကျစရိတ်များ သက်သာစေရန် ကြိုးကြပ်ဆောင်ရွက်ကြရန်"

မှာကြားခဲ့သည်။

အမှတ်(၅) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံ(ရွာသာကြီး)သည် ၄၇ ဒသမ ၂၅ ဧကကျယ်ဝန်းပြီး အလုပ်ရုံရှစ်ရုံရှိကာ လယ်ယာသုံးစက်ပစ္စည်း အစိတ်အပိုင်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(အင်းကုန်း)ကို အထက်မြန်မာပြည်အခြေစိုက် လယ်ယာအခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ လက်တွန်း ထွန်စက်နှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ထုတ်လုပ်ရေးတို့အတွက် ထူထောင်ထားသကဲ့သို့ ဤစက်ရုံကိုလည်း အောက်မြန်မာပြည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်တင် တည်ဆောက်သွားရန် စီမံထားပြီး ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများအပေါ်အခြေခံ၍ လယ်ယာ(၁၆) လက်တွန်းထွန်စက်ကို သုံးစွဲသူ တောင်သူလယ်သမားများ စိတ်ကြိုက်ဖြစ်ရေးအတွက် ပြုပြင်ထုတ်လုပ်လျက်ရှိသည်။ ကုန်းမြင့်ဒေသသုံး လက်တွန်းထွန်စက်ကိုလည်း ထုတ်လုပ်၍ စမ်းသပ်အသုံးပြုလျက်ရှိသည်။ ထို့ပြင် လယ်ယာသုံး စက်ကိရိယာများကို ကြက်ဆူဆီဖြင့် မောင်းနှင်နိုင်မှုကိုလည်း စမ်းသပ်လျက်ရှိသည်။ စက်ရုံအလုပ်ရုံများ၏ စွန့်ပစ်ပစ္စည်းများနှင့် ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများကို တိုးချဲ့အသုံးပြုနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အမှတ်(၅) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံ (ရွာသာကြီး) သို့ အခြားစက်ရုံများမှ စက်ပစ္စည်းများ ရွှေ့ပြောင်းရန်လည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)မှ အထက်မြန်မာပြည်ရှိ တောင်သူလယ်သမားများအတွက် လယ်ယာ(၁၆)လက်တွန်းထွန်စက်နှင့် လယ်ယာသုံးစက်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။

အထက်မြန်မာပြည်ကဲ့သို့ အောက်မြန်မာပြည်ရှိ တောင်သူလယ်သမားများအတွက် လက်တွန်းထွန်စက်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် အမှတ်(၅) လယ်ယာသုံး စက်ကိရိယာထုတ်လုပ်ရေးစက်ရုံ (ရွာသာကြီး)ကို မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ(ရွာသာကြီး)အဖြစ် အဆင့်မြှင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ နိုင်ငံတော်က စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးအတွက် စက်ရုံအလုပ်ရုံသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိသကဲ့သို့ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ဆောက်ပေးခြင်းတို့ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ထူထောင်ထားရှိသည့် စက်မှုဇုန်များအနက် မန္တလေး၊ မုံရွာနှင့် အေးသာယာစက်မှုဇုန်တို့၌ သံနှင့် သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ စက်ပစ္စည်းအစိတ်အပိုင်းများကို စတင် ထုတ်လုပ်နေပြီ ဖြစ်သည်။

အလားတူ လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ ပလတ်စတစ် စက်မှုလုပ်ငန်းများ၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်သည့် စက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း တွေ့ရသည်။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး၊ ကြွယ်ဝချမ်းသာရေးတို့အတွက် စက်မှုကဏ္ဍတိုးတက်ထွန်းကားလာရန် လိုအပ်သည်။

သို့ဖြစ်ရာ အခြေခံကောင်းများ ဖြစ်ထွန်းတည်ရှိပြီးဖြစ်သော လယ်ယာကဏ္ဍမှ ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာမှုနှင့်အတူ စက်မှုကဏ္ဍပါ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တာဝန်ရှိသူအသီးသီးက အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆–၁–၂၀၀၆

(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၅:၀၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၃၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း–၆)
- ၆:၅၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း–၆)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့ မြဝတီ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း–၅)

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်လွင်ဆရာဝန်များ အခြေခံအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးသင်တန်းဖွင့် ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၅

ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်ဆရာဝန်များ အခြေခံအုပ်ချုပ်ရေး စီမံခန့်ခွဲရေးသင်တန်း (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ သစ်လွင်ဆရာဝန်မောင်မယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားအပြီးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် အဖွဲ့ဝင်များသည် သစ်လွင်ဆရာဝန်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေး အိန္ဒိယသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးသည် အိန္ဒိယသမ္မတနိုင်ငံ၌ ကျင်းပသည့် Third Regional Conference of Solidarity with Cuba သို့ တက်ရောက်ပြီး ဇန်နဝါရီ ၂၂ရက် ညပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်လည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **(သတင်းစဉ်)**

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

ပခုက္ကူအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စာပေဆုရသူများ ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည် ဗိုမှာန်လမ်းရှိ ပခုက္ကူဓမ္မာရုံကြီးတွင်ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ပညာသင်ဆုလျှောက်ထားသူများသည် အထောက်အထား အချက်အလက်ပြည့်စုံစွာဖြင့် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း – ၆၆၄၄၈၅၊ ၆၅၀၀၆၇၊ အတွင်းရေးမှူး ဦးမျိုးဆန်း ဖုန်း–၃၈၃၈၅၇ နှင့် ၃၈၃၈၆၄ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်းနှင့်အသင်းဝင်များ၊ နယ်သူနယ်သားများ မပျက်မကွက်တက်ရောက်ရန် နိုးဆော်ထားကြောင်း သိရသည်။

(၃၅၂)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက် ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှစတင်၍အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တက်ရောက်ကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါက်တာပိုက်တင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှဦးမြစိန်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစိုးတင့်အောင်၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးပေါ်လိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦးရှိပြီး ညီလာခံကိုယ်စားလှယ်၁၀၆၈ ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အထမြောက်ကြောင်းနှင့်သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ဖတ်ကြားတင်ပြ

အစီအစဉ်အရနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေး အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရှေးဦးစွာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ပါဝင်သော **“ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်”**၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းအဖွဲ့ချုပ်မှဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်ကဖတ်ကြားတင်ပြသည်။

[ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွန့်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။]

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သော **“ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ”**၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးခင်မောင်အေးက ဖတ်ကြားတင်ပြသည်။

(ဦးခင်မောင်အေး၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သော **‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးဆမ်ဆောင်ကားကဖတ်ကြားတင်ပြသည်။

(ဦးဆမ်ဆောင်ကား၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကိုခေတ္တရပ်နားသည်။

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာတွင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ရွေးချယ်ခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ရွေးချယ်ခံကိုယ်စားလှယ် ဖြစ်သော ပြည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမောင်အုံးကမိမိ ယခုဖတ်ကြားတင်ပြမည့်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၏ အမျိုးသား ညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် ဆွေးနွေးအကြံပြုချက် သည် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ အမျိုးသား ညီလာခံကိုယ်စားလှယ်က ဖတ်ကြားတင်ပြခဲ့သည့် ပါတီ၏ဆွေးနွေး အကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ တူညီသည့်အလျောက်အချိန်ကို လေးစားသောအားဖြင့် ထပ်မံဖတ်ကြားတင်ပြခြင်းမပြုတော့ဘဲ မိမိတို့ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ်များ၏ ဆွေးနွေး အကြံပြုချက်ကို သဘာပတိကြီးထံ ပေးအပ်တင်ပြပါကြောင်းဖြင့် ပြောကြားပြီး အဆိုပါဆွေးနွေး အကြံပြုချက်စာတမ်းကို သဘာပတိကြီးထံ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော မြို့(ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ယင်းအဖွဲ့မှ ဦးမောင်ကျော်ဦးက မိမိ ယခုဖတ်ကြားတင်ပြမည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်များ၏ အမျိုးသား ညီလာခံစုံညီအစည်းအဝေးသို့ တင်ပြမည့် ဆွေးနွေးအကြံပြုချက်ကို ယင်းအဖွဲ့မှ ရွေးချယ်ခံကိုယ်စားလှယ်ဖြစ်သော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစံသာအောင်က ဖတ်ကြားတင်ပြရန် ဖြစ်ကြောင်း၊ သို့ရာတွင် ဦးစံသာအောင်သည် သဘာပတိ အဖွဲ့ဝင်အဖြစ် ပါဝင်နေပါသဖြင့် ဦးစံသာအောင်ကိုယ်စားမိမိကဖတ်ကြားတင်ပြရန်ဖြစ်သော်လည်း ယင်းဆွေးနွေးအကြံပြုချက်သည် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ မြို့(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့ကိုယ်စားလှယ်ကဖတ်ကြားတင်ပြခဲ့သည့်အဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် ထပ်တူထပ်မျှ တူညီသည့် အလျောက် အချိန်ကိုလေးစားသောအားဖြင့် ထပ်မံဖတ်ကြားတင်ပြခြင်း မပြုတော့ဘဲ မိမိတို့ ပါတီမှ ရွေးချယ်ခံကိုယ်စားလှယ်များ၏ဆွေးနွေး အကြံပြုချက်ကို သဘာပတိကြီးထံ ပေးအပ်တင်ပြပါကြောင်းဖြင့် ပြောကြားပြီး အဆိုပါဆွေးနွေးအကြံပြုချက်စာတမ်းကို သဘာပတိကြီးထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်တို့၏ စုပေါင်းတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းကို အပိုင်းသုံးပိုင်းခွဲ၍ ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ ဒေါက်တာမှုထန်က ဖတ်ကြားတင်ပြသည်။

(ဒေါက်တာမှုထန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက် ဖော်ပြသွားပါမည်။)

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းက ဖတ်ကြားတင်ပြသည်။

(ဦးအောင်သိန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက် ဖော်ပြသွားပါမည်။)

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ ဦးထွန်းကျော်က ဖတ်ကြားတင်ပြသည်။

(ဦးထွန်းကျော်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက် ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

နှစ်ဖက်သော မိဘများအား အမှူးထား၍ အမှတ်၃၂၊၂လမ်း ပလရ မင်္ဂလာဒုံမြို့နယ်နေ ဦးထွန်းဝေ – ဒေါ်မြင့်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း

လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုကြီး လက်ခံယူစဉ်။ (မြန်မာ့အလင်း)

26-1 (03).p65 1 3/27/1905, 9:43 PM

ဂျပန်နိုင်ငံမြောက်ပိုင်း ဆက်ပိုရိုဒေသတွင် ကျင်းပမည့် ဆီးနှင်းပွဲတော်အတွက် ဆီးနှင်းပန်းပုရုပ်တုများ ထုလုပ်နေသည်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြီးခဲ့သည့် ဆယ်နှစ်တာကာလတွင် ကမ္ဘာ့စီးပွားရေးတိုးတက်လာမှု ကမ္ဘာ့ဆင်းရဲနွမ်းပါးမှုကို လျော့နည်းကျဆင်းစေခဲ့ဟုဆို

စင်ကာပူ ဇန်နဝါရီ ၂၅

ပြီးခဲ့သည့် ဆယ်နှစ်တာကာလတွင် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်လာမှုကြောင့် ကမ္ဘာ့အဆင်းရဲဆုံးပြည်သူများ၏ အရည်အတွက် ကျဆင်းခဲ့သည်ဟု ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးဆိုင်ရာ တတ်သိပညာရှင်များအဖွဲ့က ဇန်နဝါရီ ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ထို့အတူ ဗြိတိန်နိုင်ငံ အခြေစိုက် နယူးစီးပွားရေး ဖောင်ဒေးရှင်း (အင်အီးဖက်စ်)ကလည်း ကမ္ဘာ့အဆင်းရဲဆုံး ပြည်သူများဖြစ်သည့် တစ်နေ့လျှင် တစ်ဒေါ်လာနှုန်းခန့်သာရရှိနေသော ပြည်သူများအရေအတွက်မှာ အနည်းငယ် လျော့နည်းသွားပြီဟု ဆိုသည်။

လွန်ခဲ့သည့် ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၁ခုနှစ်အတွင်း ကမ္ဘာ့ပြည်သူပြည်သားတို့၏ ဝင်ငွေသည် တိုးမြင့်လာခဲ့ကြောင်း အဆိုပါအဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

ဖော်ပြ

သို့သော် စီးပွားရေးဆိုင်ရာ အဟန့်အတားဖြစ်မှုများနှင့် သဘာဝပတ်ဝန်းကျင်အနေအထားအရ စီးပွားရေး အကျိုးဖြစ်ထွန်းစေမှု အားနည်းသည့် အချက်များကြောင့် ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်ရေးသည် နှေးကွေးနေဆဲ ဖြစ်ကြောင်းလည်း အဆိုပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

သေဆုံး

ကုလသမဂ္ဂ အနေဖြင့် လာမည့် ၂၀၁၅ခုနှစ်တွင် ကမ္ဘာ့ဆင်းရဲနွမ်းပါးမှု ထက်ဝက်လျော့ကျသွားနိုင်ရေး ရည်မှန်းထားသော်လည်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့က ပြီးခဲ့သည့်နှစ်က ထုတ်ပြန်သော နှစ်ပတ်လည် အစီရင်ခံစာ၌ ဖော်ပြထားရာတွင် ကုလသမဂ္ဂ၏ အဆိုပါ ရည်မှန်းချက်နောက်ပိုင်း ကမ္ဘာပေါ်တွင် အစာရေစာ ပြတ်လပ်မှုနှင့် အာဟာရ ချို့တဲ့မှုကြောင့် ကလေးငယ် ခြောက်သန်းခန့် နှစ်စဉ်သေဆုံးခဲ့ရကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပိုလန်၌ အပူချိန်များကျဆင်း၊ လူ၁၄၀သေခဲ့၍ သေဆုံး

ဝါဆော ဇန်နဝါရီ ၂၅

ပိုလန်နိုင်ငံတွင် ယခုဆောင်းရာသီ၌ အပူချိန် အနုတ် ၃၀ဒီဂရီ ဆဲဆီးယပ်စ်နီးပါးအထိ ကျဆင်းသွားသည့်အတွက် ယခုအချိန်အထိ အနည်းဆုံး လူ ၁၄၀မှာ သေးခဲ့၍သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၂ရက်၌ ပြောကြားသည်။

လွန်ခဲ့သည့်နှစ်ရက်က သေဆုံးသူ ၁၇ဦးထပ်မံရှိခဲ့သည်ကို သိရှိရသဖြင့် ယခင်က သေဆုံးခဲ့သူ ၁၂၃ဦးထဲတွင် ထပ်တိုးကာ စာရင်းထည့်ရမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ကာဇယက်တော့ဖ် ဟတ်ချ်ဒတ်စ်က ရိုက်တာသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

ခန့်မှန်း

ယခုရက် သတ္တပတ်တွင် အအေးဒဏ်ပြီးဆုံးဦးမည် မဟုတ်ကြောင်း၊ ဆိုးရွားသည့် အပူချိန်မှာ ဇန်နဝါရီ ၂၂ရက်ညနှင့် ၂၃ရက် နံနက်အထိ ထပ်မံရှိနေဦးမည်ဟု ခန့်မှန်းထားကြောင်း ၎င်းက ပြောကြားသည်။

ရှာဖွေ

အိုးမဲ့အိမ်မဲ့သမားများမှာအပူဓာတ်မရခြင်း သို့မဟုတ် ယာယီအဆောက်အအုံများမရှိခြင်းတို့ကြောင့် ခိုနားစရာနေရာများကို ရှာဖွေလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အိုးမဲ့အိမ်မဲ့များဖြစ်နေခြင်းကြောင့် ဘူတာရုံများ၊ ၎င်းတို့စွန့်ခွာလာသော အဆောက်အအုံများနှင့် အခြားနေရာများတွင် ရဲတပ်ဖွဲ့သည် ကင်းလှည့်မှုကို မကြာခဏ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စီအိုင်အေလေယာဉ်များ ဆင်းသက်သည်ဆိုသည့်သတင်း မဟုတ်မှန်ကြောင်း မော်ရိုကိုအစိုးရ ငြင်းဆို

ရာဘတ် ဇန်နဝါရီ ၂၅

အကြမ်းဖက်သမားများဟု မသင်္ကာသူများကို တင်ဆောင်လာသည့် အမေရိကန် စီအိုင်အေ လေယာဉ်များသည် မော်ရိုကိုနိုင်ငံမှ လျှို့ဝှက်အကျဉ်းစခန်းများအနီး ဆင်းသက်သည်ဆိုသော သတင်းမှာ မဟုတ်မှန်ကြောင်း မော်ရိုကို အစိုးရက စနေနေ့တွင် တရားဝင် ငြင်းဆိုလိုက်သည်။

အခြေအမြစ်မရှိ

မော်ရိုကို အပတ်စဉ်ဂျာနယ် ဟက်ဒိုမာဒိုင်းယား၏ သတင်းများမှာ အခြေအမြစ်မရှိဘဲ တစ်ဖက်သတ်စွပ်စွဲ ရေးသားချက်များသာ ဖြစ်ကြောင်း မော်ရိုကို ဆက်သွယ်ရေးဝန်ကြီးနှင့် အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ နဘီလ် ဘီနက်ဒါလားက ပြောကြားသည်။

ပြစ်တင်ဝေဖန်

မော်ရိုကို ပြည်ထဲရေးဝန်ကြီး အယ်မိုစတာဖာကလည်း အဆိုပါ အပတ်စဉ် မဂ္ဂဇင်း၏ ရေးသားဖော်ပြချက်များမှာ အခြေအမြစ်မရှိကြောင်း ပြစ်တင်ဝေဖန်လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကနေဒါနိုင်ငံ၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ

အော့တာဝါ ဇန်နဝါရီ ၂၅

ကနေဒါနိုင်ငံအနောက်ပိုင်း ဗြိတိန်ကိုလံဘီယာပြည်နယ်ရှိ ဗမ်ကိုဗာကျွန်းပေါ်ရှိ ကန္တာရအတွင်းသို့ ခရီးသည် ရှစ်ဦး တင်ဆောင်လာသော လေယာဉ်ငယ်တစ်စင်း ဇန်နဝါရီ ၂၁ ရက်က ပျက်ကျခဲ့သည်။

ပျက်ကျ

ယင်းလေယာဉ်ငယ်သည်ပို့အယ်ဘာနီမြို့ရှိ လေဆိပ်၏ တောင်ဘက် ၁၀ကီလိုမီတာ အကွာအဝေးရှိ ဗမ်ကိုဗာကျွန်း အရှေ့ကမ်းရိုးတန်းတွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ငယ်ပျက်ကျမှုနှင့်ပတ်သက်၍ သေဆုံးမှု ရှိမရှိကို အာဏာပိုင်များက ယခုတိုင် ပြောကြားခြင်း မရှိကြသေးပေ။

ပျံသန်း

၎င်းအင်ဂျင်တစ်လုံးတပ်လေယာဉ်ငယ်သည် ဗာကိုဗာကျွန်း၏ အနောက်ဘက်ကမ်းရိုးတန်းပေါ်ရှိ တိုဖီဒိုမြို့မှ ဗမ်ကိုဗာမြို့သို့ ပျံသန်းနေခြင်းဖြစ်သည်။

ယင်းလေယာဉ် မပျက်ကျမီ လေယာဉ်မှူးသည် ပို့အယ်ဘာနီမြို့ လေယာဉ်ကွင်းတွင် အရေးပေါ်ဆင်းသက်ရန် အတွက် မေတ္တာရပ်ခံခဲ့သေးကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ဂျီးရီးယား၌ အဆောက်အအုံပြိုကျ သုံးဦးသေဆုံး၊ လူအချို့ပိတ်မိနေ

လာဂို့စ် ဇန်နဝါရီ ၂၅

နိုင်ဂျီးရီးယားနိုင်ငံ စီးပွားရေးမြို့ဖြစ်သော လာဂို့မြို့တွင် သုံးထပ်အဆောက်အအုံတစ်ခု ပြိုကျခဲ့ခြင်းကြောင့် ကလေးငယ်တစ်ဦး အပါအဝင် လူသုံးဦးသေဆုံးခဲ့ပြီး လူအချို့ အပျက်အစီးများအောက်တွင် ပိတ်မိနေကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၁ရက်၌ ပြောကြားသည်။

သတင်းပေးခဲ့

လာဂို့မြို့၏ဆင်ခြေဖုံး အာမူကိုလိုဒေသတွင် ယင်းအဆောက်အအုံ ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆောက်အအုံ ပြိုကျမှုကြောင့် လူသုံးဦးပိတ်မိနေသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သေးကြောင်း၊ သို့သော် ၎င်းတို့သည် သေဆုံးနေပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆင်ဟွာသို့ ဖုန်းဖြင့် သတင်းပေးခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိပြီး ဆိုင်ပိုင်ရှင်အား ရဲတပ်ဖွဲ့က အလိုရှိနေကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်မြို့အနီးရှိ ကျေးရွာတစ်ရွာတွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ၂၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ် အရပ်သားယာဉ်တန်းကို ကန်တိုပ့ပစ်ခတ် အီရတ်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၅

ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ၂၀၀ခန့်အကွာရှိ ဘေဂျီမြို့တွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အရပ်သား မော်တော်ယာဉ်များကို စနေနေ့ညက ပစ်ခတ်သည့်အတွက် လူသုံးဦးသေဆုံးကြောင်း တီကရစ်မြို့ရှိ အီရတ်-အမေရိကန် ဆက်သွယ်ရေးရုံးသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ဇန်နဝါရီ ၂၂ရက်က ပြောကြားသည်။

သေဆုံး

အဆိုပါ သေဆုံးသူသုံးဦးမှာ အမေရိကန်တို့ လေ့ကျင့်သင်တန်းပေးထားသည့် အီရတ်တပ်ဖွဲ့ဝင်များ ဖြစ်နေသည် ဆိုသည်။

ဖမ်းဆီးထား

တီကရစ်နှင့် ဘေဂျီအကြား လမ်းမကြီးတစ်လျှောက် မောင်းနှင်လာသော အရပ်သားမော်တော်ယာဉ်လေးစီးကို အမေရိကန်တပ်ဖွဲ့ဝင်များက သေနတ်ဖြင့်ပစ်သည့်အတွက် မော်တော်ယာဉ် လေးစီးစလုံး မီးလောင်သွားသည်။ သုံးဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားသည်။ ထို့အပြင် အခြား အီရတ်တပ်ဖွဲ့ဝင် ခြောက်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတော်အကျိုးအတွက် အမျိုးသားများကို ရွေးချယ်ခန့်ထားခွင့်ရှိစေခြင်းများပါရှိသည့်အတွက် နိုင်ငံသားအတွက် တန်းတူအခွင့်အရေးရရှိစေကြောင်း အချက်များသည် ပြည့်စုံလုံလောက်မှုရှိ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွှန့်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကြီးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်း တို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ပါအတိုင်း လေ့လာ တွေ့ရှိရသည်မှာ ‘နိုင်ငံသား၊နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့်တာဝန်များ အခန်း’တွင် စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံသင့်သည့်မူ ၄၈ ချက်၊ ‘တပ်မတော်အခန်း’အတွက် စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံသင့် သည့်မူ ၁၄ ချက်တို့ကို လေ့လာတွေ့ရှိရပါကြောင်း၊ ယင်းအသေးစိတ်အခြေခံ သင့်သည့် မူများနှင့်စပ်လျဉ်းပြီး မိမိတို့ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်မှ ထောက်ခံ ဆွေးနွေးအကြံပြု တင်ပြသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်သည့် နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့်

၁။ အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

ဆိုသည့် အခြေခံမူသည် နိုင်ငံသားဖြစ်မှု၊ နိုင်ငံသားပြုမှု၊ နိုင်ငံသားအဖြစ်မှ ရပ်စဲမှုတို့အတွက် ပြည့်စုံမှုရှိသည့်အပြင် မိမိတို့နိုင်ငံ၏ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ၌လည်း အလားတူ ပြဋ္ဌာန်းချက်ပါရှိကြောင်း လေ့လာတွေ့ရှိရသည့် အတွက် ယင်းအခြေခံမူကိုပင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန် များအခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြသင့်ပါ ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး များနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက အခြေခံမူ(၆)ချက် ချမှတ်ထားပြီး ဖြစ်ပါကြောင်း။

ယင်းအခြေခံမူများတွင် ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေး စသည်များပါဝင်ပြီး လောကပါလတရားများ ပါဝင်သည့်အပြင် စစ်မှန်၍ ဒီမိုကရေစီနိုင်ငံထူထောင်ရန် ပြည်သူများခံစားခွင့် ရှိသင့်သည့် ဒီမိုကရေစီအခွင့်အရေးများကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမဆို လူမျိုး ဇာတိအရဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာအရဖြစ်စေ၊ ရာထူးအဆင့်အတန်း ယဉ်ကျေးမှုအရဖြစ်စေ၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာအရဖြစ်စေ အတန်းအစားခွဲခြားမှုမရှိဘဲ လုပ်ငန်းဆောင်တာများ ဆောင်ရွက်သည့်အခါ တူညီသည့် အခွင့်အလမ်းများ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိခြင်း၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများ၊ မိခင်များ၊ ကလေးသူငယ်များနှင့်စပ်လျဉ်း၍ ဥပဒေအရ သတ်မှတ်ပေးထားသည့် အခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိခြင်း၊ အလုပ် တာဝန်များကို နိုင်ငံတော်က ရွေးချယ်ခန့်ထားသည့်အခါတွင်လည်း လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အမျိုးသား၊ အမျိုးသမီး စသည်တို့ကို အကြောင်းပြုပြီး ရာထူးရွေးချယ်ခန့်ထားမှုကို ခွဲထားခြင်းမရှိသော်လည်း အချို့သော ရာထူး တာဝန်များသည် အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူး တာဝန်ဖြစ်ခဲ့လျှင် နိုင်ငံတော်အကျိုးအတွက် အမျိုးသားများကိုပဲ ရွေးချယ် ခန့်ထားခွင့်ရှိစေခြင်းများ ပါဝင်နေသည့်အတွက် နိုင်ငံသားအတွက် တန်းတူ အခွင့်အရေးရရှိစေကြောင်း အချက်များသည် ပြည့်စုံလုံလောက်မှုရှိသည့်အတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်မှ ကောက်နုတ်ချက် အပိုဒ်(၃)မှ အပိုဒ်(၈)အထိ ပါဝင်သည့် အခြေခံမူများကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားများ၏ လွတ်လပ်မှုအခွင့်အရေးနှင့်စပ်လျဉ်းပြီး အမျိုးသား ညီလာခံက အခြေခံမူ(၅)ချက် ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူ များနှင့်ပတ်သက်ပြီး ဆွေးနွေးရလျှင် ယင်းအခြေခံမူများတွင် ဒီမိုကရေစီ ကျင့်စဉ်များဖြစ်သည့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံမှုရရှိခွင့် စသည် တို့ပါဝင်နေကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းအရ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့်အခြေအနေများအပြင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး စသည့် အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းစဉ်းစားပြီး မိမိတို့နိုင်ငံနှင့် လျော်ကန် သင့်မြတ်မည့် အချက်များပါဝင်နေသည့်အတွက် လက်ရှိအချိန်အခါ အခြေအနေ များနှင့် လျော်ကန်သင့်မြတ်နေကြောင်း တွေ့ရှိရသဖြင့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှ ကောက်နုတ် ချက် အပိုဒ်(၉)မှ (၁၃)အထိ အခြေခံမူများကို အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခ)ဦးမန်းမျိုးညွှန့် ဆွေးနွေး အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းတို့နှင့် စပ်လျဉ်းပြီး အမျိုးသား ညီလာခံက ချမှတ်ထားသည့် အခြေခံမူများနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြ သွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးဖော်ဆောင်ရာတွင် လူကိုအမြတ်တနိုး တန်ဖိုး ထားသည့်အတွက် ကမ္ဘာ့သမိုင်းမှာရှိခဲ့ဖူးသည့် လူကို ကျေးကျွန်ပြုခြင်း၊ လူကို ရောင်းကုန်သဖွယ် အရောင်းအဝယ်ပြုခြင်းများကို ခွင့်မပြုသင့်ပါ။ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်း ယင်းကိစ္စမျိုးကို တားမြစ်သည့် ပြဋ္ဌာန်းချက်များရှိခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းတို့နှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်မှ ကောက်နုတ်ချက် အပိုဒ်(၁၄)နှင့် (၁၅)ပါ အခြေခံမူများကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဘာသာ၊ သာသနာဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး အမျိုးသား ညီလာခံက အခြေခံမူ(၇)ချက် ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူ များတွင် နိုင်ငံသားများအတွက်သာမကဘဲ နိုင်ငံသားမဟုတ်သူများနှင့်လည်း အကျုံးဝင်နေကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်း ဘာသာ၊ သာသနာဆိုင်ရာ အခွင့်အရေးများကိုလည်း နိုင်ငံသားများအပါအဝင် လူသူခပ်သိမ်းအကျုံးဝင်အောင် ပြဋ္ဌာန်းထားသည်ကို လည်း လေ့လာသိရှိရပါကြောင်း၊ နိုင်ငံတော်အတွင်း၌ အများပြည်သူများ အနေနှင့် မိမိတို့ ယုံကြည်နှစ်သက်ကြသည့် ဘာသာ၊ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိစေသင့်ပါကြောင်း၊ ယင်းသို့ ကိုးကွယ်ခွင့်ပြုသည့်အခါ နိုင်ငံတော် အကျိုးနှင့် အများပြည်သူအကျိုးကိုရှေးရှုပြီး ဘာသာ၊ သာသနာကိုးကွယ်မှုကို နိုင်ငံရေး၊ လူမှုရေး၊ အခြားလောကီရေးရာများနှင့် ရောထွေးမှုမရှိစေရေး အတွက်လည်းကောင်း၊ နိုင်ငံရေးကိစ္စအတွက် ဘာသာ၊ သာသနာကို အလွဲသုံးစား ပြုမှုများ ပေါ်ပေါက်ခြင်းမရှိစေရေးအတွက်လည်းကောင်း၊ လူမျိုးရေးကြောင့် ဖြစ်စေ၊ ဘာသာ၊ သာသနာရေးကြောင့်ဖြစ်စေ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်း နှင့်တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စိတ်ဝမ်းကွဲပြားမှုများ မပေါ်ပေါက် စေရေးအတွက် လိုအပ်သည့်တားမြစ်ချက်များသည် အခြေခံမူများတွင် ပါဝင် နေကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် အခြေခံမူများပါ အချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသား များအတွက် အကျိုးဖြစ်ထွန်းစေသည့် အချက်များဖြစ်သည့်အပြင် ပြည့်စုံ လုံလောက်မှုရှိသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက် နှင့်အညီ ကောက်နုတ်တင်ပြထားသည့် ကောက်နုတ်စုစည်းချက် အမှတ်စဉ် (၁၆)မှ (၂၂)အထိ ဖော်ပြထားသည့်အချက်များကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြ အကြံပြုအပ်ပါကြောင်း။

ဆက်လက်၍ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍ တင်ပြရလျှင် **နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများ စာတတ်မြောက်မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ထိုမှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်သည့်အခါတွင် ပိုမို လွယ်ကူအောင်မြင်မည်ဖြစ်၍ အခြေခံပညာကို နိုင်ငံသားတိုင်း မသင်မနေရဟု ဥပဒေပြဋ္ဌာန်းရန် လိုအပ်မည်ဖြစ်ပါကြောင်း။**

ယဉ်ကျေးမှုကိစ္စများတွင်လည်း လွတ်လပ်စွာဖော်ထုတ်ဆောင်ရွက်ခွင့် ရှိရပါမည်။ သို့သော် ယင်းသို့ဖော်ထုတ်သည့်အခါတွင် အခြားတိုင်းရင်းသား မျိုးနွယ်စု တစ်စုစု၏ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ထိပါးခြင်းမရှိရန် ရှောင်ကြဉ်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များကို ကောက်နုတ်တင်ပြထားသည့် စုစည်းချက် အမှတ်စဉ်(၂၃)မှ (၂၅)အထိ အချက်များသည် နိုင်ငံသားများ၏ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး ပြည့်စုံစွာ ပါဝင်နေသည့် အတွက် ယင်းအချက်များကို အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့် ပါကြောင်း တင်ပြအပ်ပါကြောင်း။

ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက အခြေခံမူနှစ်ချက် ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်း အခြေခံမူများတွင် ပါတီစုံဒီမိုကရေစီ ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်သည့် အချက်အလက်များ ပြည့်စုံစွာပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထို့အပြင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်ပြီး အပြည့်အစုံပါဝင်နေသည့်အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များကို ကောက်နုတ်စုစည်းထားသည့် ကောက်နုတ် ချက်အမှတ်စဉ်(၂၆)နှင့် (၂၇)ပါ အချက်များကို အသေးစိတ်အခြေခံရမည့်မူ များအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး နိုင်ငံသားများ စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး တင်ပြသွားမည်ဖြစ်ကြောင်း။

မိမိတို့ **နိုင်ငံတော်တွင် ကျင့်သုံးမည့် စီးပွားရေးစနစ်သည် ဈေးကွက် စီးပွားရေးစနစ်ဖြစ်ပြီး ယင်းစီးပွားရေးစနစ်ကို ပီပြင်စွာအကောင်အထည်ဖော် ရာတွင် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကကျပါကြောင်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရန် နိုင်ငံသားများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးရန် လိုအပ်သကဲ့သို့ နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းစသည်များကိုရရှိရန် နိုင်ငံတော်က ကူညီပံ့ပိုးပေးရန် လိုသည့်အပြင် ဥပဒေနှင့် မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စ ဆောင်ရွက်သည့်အခါ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တည်ဆောက်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံရန်လိုအပ်ပါကြောင်း။**

ယင်းအချက်များနှင့် ပတ်သက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များကို ကောက်နုတ်စုစည်းထားသည့် ကောက်နုတ်ချက် အမှတ်စဉ်(၂၈)မှ (၃၀)အထိ အချက်များသည် ပြည့်စုံလုံလောက်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြု တင်ပြ အပ်ပါကြောင်း။

ပြစ်မှုဆိုင်ရာအခွင့်အရေးနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံက အခြေခံမူ (၄)ချက် ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းအခြေခံမူများတွင် ပြည်သူခပ်သိမ်း တို့အား ဥပဒေအရာတွင် တန်းတူညီမျှရှိစေရန်၊ ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှရယူခွင့်ရှိစေရန်အတွက် အချက်အလက်များ အပြည့်အစုံပါဝင် နေပြီဖြစ်သည့်အတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြား ချက်များကို ကောက်နုတ်စုစည်းထားသည့် ကောက်နုတ်ချက်အမှတ်စဉ်(၃၁)မှ (၃၄)အထိ အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့် ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့် အခွင့်အရေး များနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက် များသည် နိုင်ငံသားများအတွက် လိုအပ်သည်များကို ပြီးပြည့်စုံစွာ ရှင်းလင်း ပြောကြားထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့် အခွင့်အရေးများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်း ပြောကြားချက်များအပေါ် ကောက်နုတ်စုစည်းထားသည့် ကောက်နုတ်ချက် အမှတ်စဉ်(၃၅)မှ (၄၀)အထိ ပါဝင်သော အချက်များသည် ပြီးပြည့်စုံသည့် အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေးထား သကဲ့သို့ အခွင့်အရေးနှင့် ဒွန်တွဲနေသည့် ‘တာဝန်’ကိုလည်း နိုင်ငံသားတိုင်းက ကျေပွန်အောင် ထမ်းဆောင်ကြရန် အထူးလိုအပ်ပါကြောင်း။

နိုင်ငံသားများ ထမ်းဆောင်ကြရမည့် တာဝန်များအနက် အဓိကတာဝန် သည် နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး သုံးပါးကို စောင့်ထိန်းကြရန်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို စောင့်ရှောက်ကြရန်၊ ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပေါ်ထွန်းလာရန်၊ ပေါ်ထွန်းလာသည့် နိုင်ငံတော်သစ်သည် အစဉ်ထာဝရတည်တံ့ခိုင်မြဲရန်အတွက် ဥပဒေပြဋ္ဌာန်းချက် များနှင့်အညီ စစ်ပညာသင်ကြားကြပြီး လိုအပ်သည့်အခါ နိုင်ငံတော် ကာကွယ် ရေးအတွက် စစ်မှုထမ်းကြရန် တာဝန်များလည်းရှိကြပါကြောင်း၊ ယင်းသို့ စစ်မှုထမ်းကြခြင်းသည် ရှေးဘုရင်များ လက်ထက်တုန်းကလည်း စစ်သည်များကို သတ်မှတ်ရာတွင် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့များ စသည်ဖြင့် စစ်ရေးစစ်ရာနှင့်ပတ်သက်၍ အရေးကြုံသည့်အခါ မြို့၊ ရွာများတွင် စစ်သည်များ သတ်မှတ်ပြီး စုဆောင်းကာ ကျူးကျော်လာသည့် ရန်သူများကို တွန်းလှန် ချေမှုန်းကြခဲ့ကြပါကြောင်း၊ သူ့ခေတ်၊ သူ့အခါအရ စစ်ပညာသင်ကြားခြင်း၊ စစ်မှုထမ်းခြင်းဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံသားများအနေနှင့် ဥပဒေအရ သတ်မှတ်ထားသည့် အခွန် အကောက်များ ပေးဆောင်ရမည့်တာဝန်များကို ကျေပွန်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းတွင် မူလအခွင့်အရေးနှင့် ရပိုင်ခွင့်ရှိသကဲ့သို့ နိုင်ငံတော်အတွက် ထမ်းဆောင်ရမည့် တာဝန်လည်းရှိရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁

စာမျက်နှာ ၅ မှ

ထို့ကြောင့် နိုင်ငံသားများ၏ တာဝန်များနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များအပေါ် ကောက်နုတ်စုစည်းထားသည့် ကောက်နုတ်ချက်အမှတ်စဉ်(၄၁)မှ (၄၇)အထိ ပါဝင်သောအချက်များသည် ပြီးပြည့်စုံမှုရှိသည့်အတွက် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါကြောင်း။

ဆက်လက်ပြီး 'နိုင်ငံတော်' ဆိုသည့်စကားရပ်နှင့်စပ်လျဉ်းပြီးတင်ပြရလျှင် 'နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များ' အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်သည့်အခါတွင် 'နိုင်ငံတော်' ဆိုသည့် စကားရပ်သည် မည်သည့်အဖွဲ့အစည်းအာဏာပိုင်တို့ပါဝင်ကြောင်း တိကျရှင်းလင်းမှုရှိရန် ဤစကားရပ်၏အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ထည့်သွင်းဖော်ပြရန် အထူးလိုအပ်ပါကြောင်း။

လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များအပေါ် ကောက်နုတ်စုစည်းထားသည့်ကောက်နုတ်ချက်အမှတ်စဉ်(၄၈)မှာ နိုင်ငံတော် ဆိုသည့်စကားရပ်နှင့်စပ်လျဉ်းပြီး အဓိပ္ပာယ်ပြည့်စုံရှင်းလင်းစွာဖော်ပြထားပြီး ဖြစ်သည့်အတွက်ကြောင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း လေးစားစွာတင်ပြအပ်ပါကြောင်း။

ဆက်လက်၍ 'တပ်မတော်အခန်း' နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသွားပါမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခန်းတစ်ခန်းအဖြစ် ပါဝင်မည့် "တပ်မတော်အခန်း" နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူ(၆)ချက်ကို ၁၉၉၃ခုနှစ် စက်တင်ဘာ၁၆ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ယခု တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက အသေးစိတ် စိတ်ရှည်လက်ရှည်၊ ပြည့်ပြည့်စုံစုံနှင့် အတိတ်သမိုင်းကြောင်းဖြစ်ရပ်မှန်များအပါအဝင် အကျယ်တဝင့်ရှင်းလင်းပြောကြားသွားသည်ကို လေ့လာမှတ်သားရပါကြောင်း။

မိမိတို့ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်အနေဖြင့် တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ရှင်းလင်းပြောကြားချက်များအပေါ် ဆွေးနွေးအကြံပြုတင်ပြသွားပါမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံရှိလာလျှင် ထိုနိုင်ငံတော်ကိုကာကွယ်ရန်၊ စောင့်ရှောက်ရန် တာဝန်ယူရသောအဖွဲ့အစည်းတစ်ရပ်ရှိရပါကြောင်း၊ ယင်းအဖွဲ့အစည်းသည် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့် 'တပ်မတော်' ပင်ဖြစ်ပါကြောင်း၊ တပ်မတော်တစ်ရပ် အင်အားတောင့်တင်းမှသာလျှင် နိုင်ငံတော်၏လုံခြုံရေး၊တည်တံ့ခိုင်မြဲရေးတို့အတွက် အာမခံချက်ရှိမည်ဖြစ်ပါကြောင်း။

ရှေးဘုရင်လက်ထက် တပ်မတော်အင်အားချည့်နဲ့ခဲ့သည့်ကာလ(၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ခုနှစ်)များတွင် တိုင်းပြည်အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ပြီး နောက်ဆုံးအချုပ်အခြာအာဏာလွတ်လပ်ရေးပင်ဆုံးရှုံးခဲ့ရသည်ကို သိရှိခံစားခဲ့ကြရပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကလည်း ရှင်းလင်းခဲ့ပါကြောင်း။

နိုင်ငံတကာဆက်ဆံမှုကိုလေ့လာမည်ဆိုလျှင်လည်း နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအင်အားနှင့်စစ်ရေးအင်အားကိုကြည့်ပြီး ဆက်ဆံနေကြသည်ကို တွေ့ရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံအများစု၏တပ်မတော်များကို အင်အားတောင့်တင်းမှုအပြင် အဆင့်မြင့်လက်နက်ကိရိယာများ တပ်ဆင်အသုံးပြုသည့် တစ်ခုတည်းသောခေတ်မီတပ်မတော်အဖြစ် တည်ထောင်နေကြသည်ကို လေ့လာသိရှိရပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကလည်း ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

ထို့ကြောင့်တစ်ခုတည်းသော အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်တည်မှုနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

တပ်မတော်အခန်းနှင့်စပ်လျဉ်းပြီး ဆက်လက်အကြံပြုတင်ပြမည်ဖြစ်ကြောင်း။

သမိုင်းအတွေ့အကြုံများအရ နိုင်ငံတော်တွင်တစ်ခုတည်းသော တပ်မတော်ရှိရန်လိုအပ်သဖြင့် တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့်တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်ဟု လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းပြောကြားချက်များအပေါ် အသေးစိတ်အခြေခံရမည့်မူ စုစည်းချက်အပိုဒ်(၁)သည်လျော်ကန်သင့်မြတ်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်းအကြံပြုတင်ပြအပ်ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် တာဝန်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်တာဝန်နှင့် စပ်လျဉ်းပြီးလည်းကောင်း အမျိုးသားညီလာခံကချမှတ်ပြီးဖြစ်သည့် တပ်မတော်အခန်းမှာ အသေးစိတ်အခြေခံရမည့်မူ စုစည်းချက်အပိုဒ်(၂)နှင့်(၃)သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်တွင်းပြည်ပအန္တရာယ်ကို ကာကွယ်ရန်နှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်၏လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူများပါဝင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း အသေးစိတ်အခြေခံရမည့်မူ စုစည်းချက်အပိုဒ်(၄)နှင့်(၅)တို့တွင် ဖော်ပြချက်များသည် မှန်ကန်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူချမှတ်ရန်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို ကွပ်ကဲမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဆင့် သတ်မှတ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် အသေးစိတ်အခြေခံရမည့်မူ စုစည်းချက်အပိုဒ်(၆)၊(၇)နှင့်(၈) တို့သည် လျော်ကန်သင့်မြတ်၍ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အသေးစိတ်အခြေခံရမည့်မူစုစည်းချက်အပိုဒ်(၉)သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် အတွက် တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန်သင့်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းချက်အပိုဒ်(၉)နှင့်စပ်လျဉ်းပြီး ဖော်ပြရှင်းလင်းချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် တပ်မတော်အခန်း၌ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။



ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းစစ်ဆေး စိုက်ပျိုးရေလေလွင့်မှုမရှိအောင် စနစ်တကျအသုံးပြုရေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၂၀ ရက် နံနက်၁၀နာရီက မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ရောက်ရှိရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးမောင်မောင်လွင်က ရေတင်လုပ်ငန်းအဆင့်ခုနစ်ဆင့်ဖြင့် ဧရာဝတီမြစ်မှ ရေတင်၊ ရေပေးမှု၊ လက်ရှိ နွေစပါးထယ်ရေးပြုပြင်ရေပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးကူညီဆောင်ရွက်ပေး

ဝန်ကြီးသည် စီမံကိန်းဧရိယာမြေပုံရှိ ရေပေးမြောင်းများ၊ ရေတင်စခန်းများနှင့် မြေယာကွက်များကို စစ်ဆေးပြီး **(အပေါ်ပုံ)**တိုင်း၊ခရိုင်၊မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီဝင်များအား စီမံကိန်း မူလလျာထားဧကထက် ကျော်လွန်၍ ပြုပြင်ရည်မှန်းဧက ၁၂၀၀၀ဧရိယာတွင် တိုက်ရိုက်ရေရရှိမည့် နေရာနှင့် ပြုပြင်ဖော်ထုတ်ရမည့် နေရာများ စိစစ်ဆောင်ရွက်ရေး၊ သတ်မှတ်နွေစပါးဧက အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဧရာဝတီမြစ်မှ ရေတင်သည့် ရေပေါ်ရေတင်စက်ရုံနှင့် ရေလမ်းကြောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေငြိမ်ကန်နှင့် ရေပေးမြောင်းများကိုလည်းကောင်း၊ မြစ်ရေတင်စီမံကိန်း ဧရိယာတွင် စိုက်ပျိုးမည့် ခြံစည်းရိုးကြက်ဆူရိုးပင်များ ပျိုးထောင်ထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေတင်လုပ်ငန်းအဆင့်ဆင့်ဖြင့် ရေပေးမှု၊ နွေစပါးစိုက်ပျိုးရန် မြေပြုပြင်ရေပေးမှု၊ ပဲတီစိမ်းဧကနှစ်ထောင်ကျော် စိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

လောကနန္ဒာလျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါးဧက၅၀၀၀စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ နွေစပါးနှင့် ပဲတီစိမ်း၊ ဆီထွက်နေကြာတို့ကို စိုက်ပျိုးရေပေးလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ်ရှိ မြကန်စိမ်းလန်းသာယာစိုပြည်ရေး စီမံကိန်းသို့ ရောက်ရှိပြီး မြကန်ရေဝပ်ဧရိယာ အတွင်း ကန်တူးမှုနှင့် ရေလုံလွှာခင်းမှုလုပ်ငန်း၊ စက်ယန္တရားများဖြင့် ပြုပြင်ဆောင်ရွက်မှုလုပ်ငန်း၊ တမံအတွင်းပိုင်း၌ ကျောက်နံရံစီမှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနတည်ဆောက်ရေး (၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက လုပ်ငန်းများဆောင်ရွက်နေမှုကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က မြကန်ရေပေးတူးမြောင်းနှင့် လောကနန္ဒာလျှပ်စစ်မြစ်ရေတင် ရေတင်အဆင့်(၇)တူးမြောင်းတို့၏ ဆက်စပ်လုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်ရမည့် အခြေအနေများ ချမှတ်ပေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေ လေလွင့်မှုမရှိအောင် စနစ်တကျ အသုံးပြုရေး၊ စိုက်စရိတ်ကျဆင်းရေး၊ ခြံစည်းရိုး ကြက်ဆူရိုးပင်များ စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

မြကန်ရေလှောင်တမံကို ရေဖြည့်ဆည်းပေးရန်နှင့် မြန်ရေသောက်စိုက်ခင်းများရေပေးနိုင်ရန် ဆောင်ရွက်လျက်ရှိရာ ရေဝင်သည့် တောင်ပုံဝချောင်း ရေဆင်းဧရိယာတိုးချဲ့မှု တမံအလျားပေ၃၆၀၀၊ တမံအမြင့်၂၇ပေပြုပြင်မှု၊ ရေထုတ်ပြွန်၊ ရေပိုလွှဲ၊ ရေပေးတူးမြောင်းများ တည်ဆောက်မှု၊ ဆည်မြောင်းဦးစီးဌာနမှ ရှေးမြန်မာဘုရင်များ တည်ဆောက်ခဲ့သည့်ကန်ကို ထိန်းသိမ်းမှု ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သုဝဏ္ဏမြို့ ဦး ဆုတောင်းပြည့် စေတီတော် ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းခြင်းအောင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦး ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား စေတီတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူပြီး စေတီတော် ဘက်စုံတည်ဆောက်ရေးအဖွဲ့နာယက သာသနာပြု ဘုးဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ ဦးဆောင်၍ ဆရာတော်ကြီးများ၏ တပည့် ဒါယကာ၊ ဒါယိကာမ အလှူရှင်များက စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်၊ ငှက်ပျောဖူးတော်မြတ်တို့အား ရွှေစင် ရွှေသား၊ ရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းခြင်း အောင်ပွဲ၊ (၁၂) ကြိမ်မြောက် ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ပွဲနှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၈နာရီခွဲ၌ စေတီတော်၌ ကျင်းပမည်ဖြစ်သည်။ ရပ်နီးရပ်ဝေး အလှူရှင်များသည် မိမိတို့ သဒ္ဓါအလျောက် လှူဒါန်းလိုပါက ဂေါပက အဖွဲ့ရုံး ဖုန်း-၅၇၇၁၀၆သို့ ဆက်သွယ် စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝ၅၂)

လှိုင်မြို့နယ်(၁၁)ရပ်ကွက်တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၅

လှိုင်မြို့နယ်(၁၁)ရပ်ကွက် သဟပုညကာရီ သံဃဒါနတနင်္လာဝါတွင်း ဝါပဆွမ်းလောင်းအသင်း၏ စတုတ္ထအကြိမ်မြောက် ဓမ္မပူဇာသဘင်ပွဲကို ရွှေဟင်္သာအားကစားကွင်း၌ ဇန်နဝါရီ ၂၆ရက်တွင် အရှင်ဆန္ဒာဓိက၊ ၂၇ရက်၌ အရှင်အာစာရာလင်္ကာရ၊ ၂၈ ရက်၌ ဓမ္မစေတီအရှင်ကောသလ္လ၊ ၂၉ရက်၌ ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၃၀ ရက်တွင် အရှင်သုန္ဒရ၊ ၃၁ ရက်၌ အရှင်နရပတိတို့က ညစဉ်၇နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(၃၅၂)**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက 'တပ်မတော်အခန်း' နှင့်စပ်လျဉ်း၍ စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူ (၁၄)ချက်နှင့် 'နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ အခန်း' နှင့်စပ်လျဉ်း၍ စုစည်းတင်ပြသည့် အသေးစိတ်အခြေခံရမည့်မူ အချက်(၄၈)ချက်သည် ချမှတ်ပြီးသောအခြေခံမူများနှင့် ညီညွတ်ခြင်း၊ လောကပါလတရားများနှင့်ညီညွတ်ခြင်း၊ အမျိုးသားညီလာခံဦးတည်ချက် (၆)ချက်တို့နှင့် ညီညွတ်ခြင်းတို့ကြောင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်ကိုယ်စား အကြံပြုကြောင်း ဖတ်ကြားတင်ပြသည်။ ။

တပ်မတော်ကဆောင်ရွက်သည့်ဆက်သွယ်ရေးနှင့် လုံခြုံရေးရာကိစ္စများသည် များသောအားဖြင့် လျှို့ဝှက်ချက်များဖြစ်၍ အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ပြီးခဲ့သော အခြေခံရမည့်မူ စုစည်းချက်အပိုဒ်(၁၀)သည် လျော်ကန်မှုရှိ၍ တပ်မတော်အခန်းတွင် အသေးစိတ် အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင် အဖွဲ့နှင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။ စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။ မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်။ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်ကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်စသည်တို့နှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ ပြည့်စုံစွာရှင်းလင်းပြောကြားချက်များအပေါ် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများစုစည်းချက်အပိုဒ်(၁၁)မှ အပိုဒ်(၁၄)အထိကို အသေးစိတ်အခြေခံရမည့်မူအဖြစ်ထည့်သွင်းရန်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေးထားသကဲ့သို့ အခွင့်အရေးနှင့် ဒွန်တွဲနေသည့် တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ယင်းပါတီမှ ဦးခင်မောင်အေး၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ချမှတ်ထားပြီး ခေါင်းစဉ်များတွင်ပါဝင်သည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများကို ဆွေးနွေးအကြံပြုကြမည်ဖြစ်ပါကြောင်း။

ဤသို့ အကြံပြုနိုင်ရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို လေ့လာသုံးသပ်ပြီးနောက် အောက်ပါသဘောထားများ ရရှိပါကြောင်း။

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဟူသည့် ခေါင်းစဉ်စကားစုအရ ဦးစွာနိုင်ငံသားဖြစ်ခြင်းအတွက် လိုအပ်သည့် အရည်အချင်းများကို ဖော်ပြထားကြောင်း လေ့လာသိရှိရပါကြောင်း။

- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊
- ဤဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်သည်ဟု

ပါရှိသဖြင့် နိုင်ငံသားဖြစ်ခြင်းအတွက် သတ်မှတ်ချက်သည် တိုင်းရင်းသား မျိုးနွယ်စုပေါင်းစုံ မှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပကတိ အခြေအနေများနှင့်လိုက်လျောညီထွေမှုရှိကြောင်း သဘောထားရရှိပါကြောင်း။

နိုင်ငံသားဖြစ်သူသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူကျင့်သုံးပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများကို တရားနည်းကျစွာ ရယူကျင့်သုံးပိုင်ခွင့်ရှိပြီး လောကပါလ တရားများဖြစ်ကြသည့် ညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု အခွင့်အရေးများဟာ စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်ရှိ နိုင်ငံသားများ၏ ဒီမိုကရေစီအခွင့်အရေးများဖြစ်သည့်အတွက် နိုင်ငံသားများအနေဖြင့် ရယူကျင့်သုံး ခံစားခွင့်ရှိကြောင်း လေ့လာသိရှိရပါကြောင်း။

ဥပဒေအရာမှာ တန်းတူညီတူရှိမှုဆိုသည့် အင်္ဂါရပ်ကို အနှစ်သာရ ပြည့်ပြည့်ဝဝ ဖော်ဆောင်နိုင်ရေးသည် ဒီမိုကရေစီကျင့်စဉ်၏ အခြေခံအကြောင်းတရား တစ်ရပ်ဖြစ်ကြောင်း သဘောထားရရှိပါကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံများတွင် အသားအရောင်ခွဲခြားမှု၊ အဆင့်အတန်း ခွဲခြားမှုနှင့် လူမျိုးစုအလိုက် ခွဲခြားဆက်ဆံမှုများသည် တည်ရှိနေဆဲ ဖြစ်သဖြင့် ယင်းပြဿနာများတည်ရှိနေသည့် နိုင်ငံများ၌ ပြည်တွင်း တည်ငြိမ်မှု မရရှိနိုင်သည်ကို သင်ခန်းစာရယူရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၁၃၅ မျိုး ရောယှက်မှီတင်းနေထိုင်ကြောင်း မှတ်တမ်းများအရ သိရှိရပါကြောင်း။

ဤသို့ရောယှက်နေထိုင်လျက်ရှိကြသော တိုင်းရင်းသားမျိုးနွယ်စုများ (နိုင်ငံသား) များသည် မိမိတို့၏ဘာသာသက်ဝင်ယုံကြည်မှု၊ ဓလေ့ထုံးတမ်း ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဘာသာစကားများ ကွဲလွဲမှုများရှိကြသဖြင့် ၎င်းတို့ မြတ်နိုးသည့် ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများ လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရှိသင့်သည်ဆိုသည့်ချက်သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် အဓိကသော့ချက်ဖြစ်သကဲ့သို့ နိုင်ငံသားများ၏ မူလ အခွင့်အရေး များလည်း ဖြစ်ပါကြောင်း။

လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်၊ နိုင်ငံတော်အတွင်း မည်သည့် ဒေသတွင်မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာ လုံခြုံမှုရရှိခွင့် စသည့်နိုင်ငံသားများ၏ မူလအခွင့်အရေး ပြဋ္ဌာန်းထားခြင်းသည် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ပြီး ကာကွယ်စောင့်ရှောက်မှသာ ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာသော ခေတ်မီ နိုင်ငံတော်သစ် ပေါ်ထွန်းရေးအတွက် ဦးတည်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ရရှိပါကြောင်း။

နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်ဆိုသည့် အချက်သည်လည်း လူကိုတန်ဖိုးထားသည့် လူသားဝါဒနှင့် ကိုက်ညီမှုရှိကြောင်း သဘောထားရရှိပါကြောင်း။

ပညာရေးနှင့်စပ်လျဉ်းပြီး နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ချမှတ်ထားသည့် ပညာရေးမူဝါဒများနှင့်အညီ ပညာသင်ကြားပိုင်ခွင့်ရှိသည်။ ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာကို သင်ကြားရမည်ဆိုသည့် အခြေခံမူသည်လည်း နိုင်ငံတော်အမျိုးသား ပညာရေးကဏ္ဍ၏ အခြေခံကျသော မူဝါဒဖြစ်ပြီး တစ်မျိုးသားလုံး၏ ပညာရေးအဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံတော်၏ အဆင့်အတန်းကိုလည်း မြှင့်တင်ရာရောက်ကြောင်း သုံးသပ်ရရှိပါကြောင်း။

ထို့ပြင် နိုင်ငံတော်သည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်ဆိုသည့် အခြေခံမူအရ နိုင်ငံသားများအား အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခွင့်ပေးပြီး ဥပဒေနှင့်မဆန့်ကျင်ဘဲ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်များကို အာမခံချက်ပေးထားကြောင်း ဖော်ပြပါရှိသဖြင့် နိုင်ငံတော်၏ အမျိုးသားစီးပွားရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုး တိုးတက်စေနိုင်သည့်အပြင် နိုင်ငံသားများ၏ အခွင့်အရေး စကားရပ်၏ အဓိပ္ပာယ်ဖော်ပြချက်ကို ပိုမိုပေါ်လွင်ပီပြင်စေကြောင်း သုံးသပ်ရရှိပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးခင်မောင်အေး ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံသားများအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေးထားသကဲ့သို့ အခွင့်အရေးနှင့် ဒွန်တွဲနေသည့် တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ **နိုင်ငံသားတိုင်း ထမ်းဆောင်ရမည့် တာဝန်များအနက် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကြီး အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရမည်ဖြစ်ပြီး နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ ခိုင်မြဲရေးတို့ကို စောင့်ရှောက်ရန် တာဝန်ရှိကြောင်း လေ့လာတွေ့ရှိရသည့်အတွက် အထူးသင့်မြတ်ဆီလျော်ပါကြောင်း သဘောထားရရှိပါကြောင်း။**

နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် ပါရှိသည့် ‘နိုင်ငံတော်’ ဆိုသည့် စကားရပ်၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များမှာ အထူးသင့်မြတ်ဆီလျော်ကောင်းမွန်ပါသဖြင့် ရှင်းလင်းချက်ပါ အချက်များအတိုင်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်အခန်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအကြံပြုရမည်ဆိုလျှင် ယခင် ချမှတ်ခဲ့ပြီးသည့် အခြေခံမူများအနက် တပ်မတော်သည် အင်အားတောင့်တင်းပြီ၊ ခေတ်မီသည့်တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် တာဝန်ရှိတယ်ဟု ဖော်ပြပါရှိပြီးဖြစ်ပါကြောင်း။

အထက်ပါ အခြေခံမူများသည် တပ်မတော်အခန်း၏ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် မည်မျှအရေးပါ အရာရောက်ပြီး လေးနက်မှုရှိကြောင်း ပေါ်လွင်ထင်ရှားနေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းဖြစ်ရပ်များမှ အရေးကြုံလျှင် ကြုံသလို ပါဝင်စွမ်းဆောင်ခဲ့ရသည့် အစဉ်အလာကြီးမားခဲ့သည့် တပ်မတော်၏ အခန်းသည် သိသာထင်ရှားခိုင်မာပြီး လေးနက်သည့် သမိုင်းသာဓကများစွာရှိခဲ့သည်ကို သမိုင်းသက်သေထူခဲ့ပြီး ဖြစ်ပါကြောင်း။

လက်ရှိကမ္ဘာ့နိုင်ငံများသည်လည်း တပ်မတော်၏အခန်းကို လွဲဖယ်ပြီး ရပ်တည်နေရသည့် နိုင်ငံမရှိသကဲ့သို့ တပ်မတော်အင်အားကို ရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည်သာ ဖြစ်ပါကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ယူထားရသည့်အတွက် အင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ်ဖြစ်နေမှသာလျှင် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များတွင်ပါရှိသည့် တပ်မတော်အခန်းပါ တပ်မတော်၏တာဝန်များ၊ ကာကွယ်ရေးဦးစီးချုပ်၏ ပါဝင်မှုအခန်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ တပ်မတော်ဆိုင်ရာ စစ်စည်းကမ်းများ၊ တပ်မတော်သားများ၏ မိသားစုဆိုင်ရာ ထောက်ပံ့စောင့်ရှောက်ရေး အခြေခံမူများကို လေးနက်ပြည့်စုံ လုံလောက်စွာ ဖော်ပြပါရှိကြောင်း လေ့လာသိရှိရသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းဆိုင်ရာ အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၉–၁–၂၀၀၆)ရက်နေ့

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၂–၂–၂၀၀၆)ရက်နေ့နှင့်

(၂၆–၂–၂၀၀၆)ရက်နေ့

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၁–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	လှပဆန်းသစ်သော မြန်မာ့မင်္ဂလာဝတ်စုံနှင့် ချည်ထည်ဒီဇိုင်းများ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	အင်းတော်ကြီးကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	စည်း(ခန့်စည်သူ၊ မျိုးလှိုင်ဝင်း၊ မေသဉ္ဇာဦး၊ ချစ်စနိုးဦး)
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	နမ့်မွေတံတား
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	လှို့ဝှက်သောနှင်းတေးသံစဉ်နှင့် ပုံရိပ်များ
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	လူသုံးအများဆုံး အိမ်သုံးလျှပ်စစ်မော်တာ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	ကင်ဆာရောဂါသတိပြုစရာ
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၃၅	Video Magazine (Part-1)
၁၁း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅	မြန်မာ့ရိုးရာခြင်းလုံးအားကစား
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	စပါးစပ်မျိုးမှ ဝတ်မှုန်အသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွားစပါးထုတ်လုပ်ခြင်း
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၆–၁–၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချို့အေး မင်္ဂလာတေး
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	အကပဒေသာ
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၂၅	၉။	မိုးယွန်းကြီးရေထိန်းတံခါး
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇း၀၀	၅။	**“အဲဒီမှာ စတွေ့တာပဲ”** မင်းအုပ်စိုး၊ ငှက်ပျောကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇း၀၅	၆။	မြန်မာစာ မြန်မာစကား
၁၇း၁၅	၇။	တေးဂီတအစီအစဉ်
၁၇း၃၀	၈။	မြို့လှတပ်ကုန်းရေလှောင်တမံ
၁၇း၃၅	၉။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၁၇း၄၅	၁၀။	**“စည်း”** ခန့်စည်သူ၊ အရိုင်း၊ ကုသိုလ်၊ ညောင်ညောင်၊ ငှက်ပျောကြော်၊ မေသဉ္ဇာဦး၊ ချစ်စနိုးဦး၊ ပွင့်၊ မျိုးလှိုင်ဝင်း (ဒါရိုက်တာ–မီးပွား)
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	အတီးပြိုင်ပွဲ
၁၈း၅၀	၁၄။	ရုပ်မြင်ရသတေးစုကဏ္ဍ
၁၉း၀၅	၁၅။	အကပြိုင်ပွဲ
၁၉း၂၅	၁၆။	တေးဂီတအစီအစဉ်
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **“နှင်းဆီအိပ်မက်”** (အပိုင်း–၁)

မှော်ဘီမြို့နယ် အနောက်ပိုင်းလမ်း ကတ္တရာလမ်းခင်းမှု လုပ်ငန်းစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၅

မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅–၂၀၀၆ ခုနှစ် ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် အမှတ်(၁) ရပ်ကွက် အနောက်ပိုင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင် ဇန်နဝါရီ ၁၀ရက်တွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးစိုးသိမ်းတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

■ *ကျောဖုံးမှ*

အဆိုပါ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကျင်းပရေး ကော်မတီဝင်များနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အပြန်အလှန်အကျိုးပြု

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကြိုတောင့်ကြိုခဲ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အခမ်းအနား၌ တက်ရောက်စကားပြောခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နေထိုင်ရာ ကမ္ဘာလောကကြီးအတွင်း သဘာဝကြီး၏ ထူးခြားစွာဖန်တီးပေးမှုကြောင့် သက်ရှိနှင့်သက်မဲ့၊ လူနှင့်တိရစ္ဆာန် ဒွန်တွဲဖြစ်ပေါ်ကာ အပြန်အလှန်အကျိုးပြုဖြစ်တည်ခဲ့သည်မှာ ကမ္ဘာဦးအစမှ ယနေ့အထိတိုင်ဖြစ်ကြောင်း။

တိရစ္ဆာန်ဥယျာဉ်များ၏ဖြစ်တည်မှုကို ပြန်လေ့လာလျှင် တိရစ္ဆာန်များကို လူအများကြည့်ရှုနိုင်အောင် လေ့ကျင့်ပြသမှုများ ရောမခေတ်ကနေ စတင်အခြေတည်ခဲ့ကြောင်း တွေ့ရှိရကြောင်း၊ ယင်းမှတစ်ဆင့် ဥရောပနိုင်ငံများ၌ တိရစ္ဆာန် ဥယျာဉ်များ စတင်ထူထောင်ရန် ကြံစည်ဆောင်ရွက်ခဲ့ကြကြောင်း၊ ထို့နောက် အနောက်ဥရောပ၊ လန်ဒန်တိရစ္ဆာန်ဥယျာဉ်အဖွဲ့ကို ၁၈၂၈ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း လေ့လာသိရှိရကြောင်း။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနား ကျင်းပရခြင်းအကြောင်းကို ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ဤကဲ့သို့တည်ထောင်ခဲ့ရာမှ ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် လူထုအပန်းဖြေရန်၊ ပညာပေးရန်၊ သိပ္ပံနှင့်သုတေသနဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက်များဖြင့် တိရစ္ဆာန်ဥယျာဉ်များ ကမ္ဘာနှင့်အဝန်း တည်ထောင်လာခဲ့ကြောင်း တွေ့ရှိရကြောင်း၊ ထို့အပြင် တိရစ္ဆာန်ဥယျာဉ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ တစ်နေ့ထက်တစ်နေ့ နည်းပညာတိုးတက်မြင့်မားလာသည်နှင့်အညီ တိရစ္ဆာန်ဥယျာဉ်များကိုလည်း အခြေခံအဆောက်အအုံမှသည် တိရစ္ဆာန်လိမ္မာများ ပြသနိုင်သည်အထိ စီးပွားဖြစ်ဆောင်ရွက်လာသည်ကိုတွေ့ရှိရကြောင်း။

ယခုအခါတစ်ကမ္ဘာလုံးတွင် တိရစ္ဆာန်ဥယျာဉ်ပေါင်း ၁၂၀၀ ခန့် တည်ထောင်ထားရှိကြောင်းနှင့် အာရှတိုက်တွင် ထက်ဝက်ခန့်ရှိကြောင်း လေ့လာသိရှိရကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ၁၉၀၆ ခုနှစ်တွင် တည်ထောင်ခဲ့ကြောင်း၊ ယင်းတိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကဲ့သို့ နှစ် ၁၀၀ ခန့်ရှိသော တိရစ္ဆာန်ဥယျာဉ်မှာ အလွန်နည်းပါးလှကြောင်း၊ ဤကဲ့သို့ ရှားပါးလှသည့် နှစ်(၁၀၀)ပြည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အနေဖြင့် မြန်မာနိုင်ငံတွင် ထူးထူးခြားခြားတည်ရှိနေသည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် အလွန်ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။

ကာကွယ်ထိန်းသိမ်း

၁၉၀၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်တိုင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ နှစ် ၁၀၀ သက်တမ်းအတွင်း ခေတ်အဆက်ဆက်တိုးတက်အောင် အဖွဲ့အစည်းအသီးသီးက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများကို ပြန်လည်လေ့လာကြည့်သည့်အခါ လက်ရှိနိုင်ငံတော်အစိုးရလက်ထက်တွင် ထင်ထင်ရှားရှားကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို မည်သည့်ခေတ်ကာလများနှင့်မတူဘဲ နိုင်ငံတော်၏ တစ်နံတစ်လျား အကွက်အလပ်မကျန်

ပဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။
(သတင်းစဉ်)

ရအောင် ဘက်စုံကဏ္ဍစုံကနေ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ဆောင်ရွက်ပေးနေခြင်းသည်လည်း အနာဂတ်တွင်ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် လမ်းခင်းဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း နိုင်ငံတော်၏ သဘာဝသယံဇာတများ ရေရှည်တည်တံ့နိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းကာ ကာကွယ်ထိန်းသိမ်းပေးနေသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်စသည့် သဘာဝထိန်းသိမ်းရေးနယ်မြေပေါင်း ၄၁ ခုကို ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် တိရစ္ဆာန်ဥယျာဉ်များကိုလည်း တိုးချဲ့တည်ထောင်ပေးခဲ့ကြောင်း၊ ကမ္ဘာတွင် မျိုးတုံးပျောက်ကွယ်တော့မည့် ကျားတိရစ္ဆာန်များအတွက် ရှင်သန်တိုးပွားစေရန် မြန်မာနိုင်ငံမြောက်ပိုင်း ဟူးကောင်းချိုင့်ဝှမ်းကို ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးပြီးဖြစ်ကြောင်း။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် နိုင်ငံ့တာဝန်၊ လူမှုရေးတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် တိရစ္ဆာန်ဥယျာဉ်များ၊ အပန်းဖြေရာ ပန်းခြံများ တိုးတက်တည်ထောင်သည့်အပြင် သမိုင်းကြောင်းရှည်လျားစွာတည်ရှိခဲ့သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကိုလည်း ဘက်စုံအဆင့်မြှင့်တင်ရေးအတွက် စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တည်ရှိရာနေရာသည် ကန်တော်ကြီးအပန်းဖြေဥယျာဉ်နှင့်လည်း နီးကပ်စွာတည်ရှိသဖြင့် သဘာဝအားဖြင့် လူအများစိတ်လက်အပန်းဖြေအနားယူဖွယ်ရာ နေရာကောင်းလေးတစ်ခုဖြစ်ကြောင်း၊ ၂၀၀၃ ခုနှစ် ဧပြီလတွင် နိုင်ငံတော်အစိုးရက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှင့် ကန်တော်ကြီးကို ဘက်စုံအဆင့်မြှင့်တင်ရေးအတွက် လုပ်ငန်းကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်အဆင့်မှ စနစ်တကျစီမံဆောင်ရွက်ပြီး သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးက စဉ်ဆက်မပြတ် အလေးထားကြီးကြပ်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ယခုအခါ ယခင်ခေတ်အခါများနှင့်မတူ အဆောက်အအုံများကိုလည်း လှပသစ်လွင်စွာစီမံဆောင်ရွက်ထားကြောင်း၊ တိရစ္ဆာန်အမျိုးပေါင်း ၁၅၀ ခန့်၊ အရေအတွက် ၁၀၀၀ ကျော်ခန့်အထိ တိုးတက်ထိန်းသိမ်းထားရှိနိုင်သကဲ့သို့ ပန်းဥယျာဉ်ကြီးသဖွယ် လှပစွာတည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကဲ့သို့ သဘာဝအလှအပနှင့် ပသာဒစုံလှသည့်တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်ကြည့်ရှုအပန်းဖြေသူများလည်း တိုးတက်များပြားလာကြောင်း လေ့လာသိရှိရကြောင်း၊ ၂၀၀၃–၂၀၀၄ ခုနှစ်တွင် လာရောက်အပန်းဖြေသူ ၁၁ သိန်းခန့်မှ ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း သိန်း ၂၀ ခန့်အထိ တိုးတက်လာခဲ့ကြောင်း သိရကြောင်း၊ လူဦးရေတိုးပွားလာသည်နှင့်အမျှ လူအများအပန်းဖြေအနားယူရန်နေရာများ အစဉ်လိုအပ်နေမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့် အလှမ်းမကွာလှသည့် တိရစ္ဆာန်ဥယျာဉ်(လှော်ကား)ကိုလည်း ယခုထက် ပိုမို

ဆင်လိမ္မာဝင်းကျော်ထွန်း

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားတွင် ဆင်လိမ္မာ ဝင်းကျော်ထွန်း၏ စွမ်းရည်ပြသ ဖျော်ဖြေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

စွမ်းရည်ပြသဖျော်ဖြေ



တိုးတက်ပြီး ကောင်းသည်ထက်ကောင်းအောင် အစဉ်တစိုက်ဆောင်ရွက်နေရန်လိုကြောင်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ် ၁၀၀ မှသည် နောင် ကမ္ဘာတည်သည့်တိုင် အစွန့်ရှည်စွာ ဖွံ့ဖြိုးတိုးတက်တည်တံ့နိုင်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ဆန္ဒပြုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)နှစ် (၁၀၀)ပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရခြင်း၏အကြောင်းကို ရှင်းလင်းတင်ပြရာတွင် မိမိတို့မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးစုံ၊ မျိုးကွဲများဖြင့် ကြွယ်ဝလှသည့်နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ အချို့ကိုထုတ်နုတ်တင်ပြရပါက နို့တိုက်သတ္တဝါအမျိုး ၃၀၀၊ ငှက်မျိုး ၁၀၀၀ ကျော်၊ လိပ်ပြာမျိုး ၁၀၀၀ ကျော်ခန့်ရှိကြောင်း လေ့လာသိရှိရပါကြောင်း၊ ဤကဲ့သို့ ဇီဝမျိုးစုံ၊ မျိုးကွဲများပေါများရခြင်းသည်လည်း တောတောင်၊ ရေ၊ မြေ၊ သဘာဝအတိုင်း အမြဲမပြတ် ကာကွယ်ထိန်းသိမ်းထားရှိပြီး ဂေဟစနစ်အမျိုးမျိုးမှ ရှင်သန်ပေါက်ဖွားမှုကြောင့်ပင်ဖြစ်ပါကြောင်း။

လူတို့က တိရစ္ဆာန်များကိုမွေးမြူကာ ယဉ်ပါးအောင်ဆောင်ရွက်ခဲ့ခြင်းကို ကမ္ဘာ့နိုင်ငံများနည်းတူ မိမိတို့မြန်မာနိုင်ငံတွင်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တိရစ္ဆာန်များကိုမွေးမြူကာ ယဉ်ပါးအောင်ဆောင်ရွက်ခဲ့သည့် အလေ့အကျင့် ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏တိရစ္ဆာန်ဥယျာဉ်အသွင် အစပြုခဲ့သည်မှာ မင်းတုန်းမင်းလက်ထက်၌ ရတနာပုံနေပြည်တော်တစ်ဝိုက်တောရိုင်းတိရစ္ဆာန်များကို သဘာဝအတိုင်းဘေးမဲ့ပေးမွေးမြူခဲ့သည်ကို လေ့လာတွေ့ရှိကြရမည်ဖြစ်ပါကြောင်း၊ ယင်းသည် မိမိတို့မြန်မာနိုင်ငံ၏ တိရစ္ဆာန်ဥယျာဉ်နိဒါန်းအစပင်ဖြစ်ပါကြောင်း၊ ယင်းမှအစ ၁၉၀၆ ခုနှစ်တွင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို သန္ဓေတည်မွေးဖွားခဲ့ပါကြောင်း၊ သမိုင်းကြောင်းရှည်လျားစွာဖြစ်တည်ခဲ့သည့် ဤတိရစ္ဆာန်ဥယျာဉ်သည် ခေတ်အဆက်ဆက် ပြည်သူများအပန်းဖြေအနားယူရာ ကွန်းခိုရိပ်မြိုင်အဖြစ် တည်ရှိခဲ့ပါကြောင်း၊ ရန်ကုန်မြို့တော်၏လူဦးရေတိုးတက်လာသည်နှင့်အမျှ အပန်းဖြေအနားယူရာ နေရာများတိုးတက်လိုအပ်နေသကဲ့သို့ တည်ရှိပြီးတိရစ္ဆာန်ဥယျာဉ်ကိုလည်း ပသာဒနှင့်အနှစ်သာရပြည့်စုံအောင် အစဉ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

တိုးချဲ့မွေးမြူထိန်းသိမ်း

ယင်းသို့ဆောင်ရွက်ခဲ့သည့် ခေတ်ကာလများအတွင်း ယနေ့နိုင်ငံတော်အစိုးရလက်ထက်တွင် ထူးထူးခြားခြား မည်သည့်ခေတ်ကာလများနှင့်မတူ နိုင်ငံတော်အဆင့်ကစီမံပြီး ဝန်ကြီးဌာနအနေဖြင့် ၂၀၀၃ ခုနှစ်ကစ၍ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သဘာဝဖြစ်တည်မှုများကို လူငယ်များ လေ့လာရှာမှီးနိုင်ရန် သဘာဝသမိုင်းပြတိုက်ကို ခေတ်နှင့်အညီ ၂၀၀၄ ခုနှစ်တွင် Electronic Device များ တပ်ဆင်ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယင်းကဲ့သို့ တိရစ္ဆာန်ဥယျာဉ်၏ရုပ်ပိုင်းဆိုင်ရာများကို ပသာဒအလှတည်ရှိစေသကဲ့သို့ တိရစ္ဆာန်များကိုလည်း မျိုးစုံအောင် ပိုမိုတိုးချဲ့မွေးမြူထိန်းသိမ်းပေးလျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံတကာတိရစ္ဆာန်ဥယျာဉ်များအဖွဲ့နှင့်လည်းကောင်း၊ တိရစ္ဆာန်ဥယျာဉ်အချင်းချင်းလည်းကောင်း ရှားပါးတိရစ္ဆာန် လဲလှယ်ရေး အစီအစဉ်များချမှတ်ကာ ဆောင်ရွက်ခဲ့ပါကြောင်း။

ထို့ကြောင့် ယနေ့အခါ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် တိရစ္ဆာန်မျိုးပေါင်း ၁၅၀ ခန့်နှင့် အကောင်ရေ ၁၀၀၀ ကျော်ခန့်ရှိကာ ရှားပါးတိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ဝက်ဝံနီစသည့် တိရစ္ဆာန်မျိုးများပါ ဖြည့်ဆည်းမွေးမြူထားကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် သစ်ပင်ပန်းမန်များကိုလည်း လှပဝေဆာစွာဖြည့်ဆည်းထားရှိပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ရန်ကုန်မြို့အတွင်း တည်ရှိပြီး ကန်တော်ကြီး အပန်းဖြေဥယျာဉ်နှင့် နီးကပ်စွာတည်ရှိနေသည့်အပြင် လူအများ အဆင်ပြေစွာနှင့် အချိန်အနည်းငယ်အတွင်း လာရောက်လေ့လာနိုင်သည့်နေရာလည်းဖြစ်သော ဤတိရစ္ဆာန်ဥယျာဉ်မှာ တစ်နှစ်ထက်တစ်နှစ် အပန်းဖြေသူ တိုးတက်များပြားလာခဲ့ပါကြောင်း၊ ထို့အပြင် နှစ်ပေါင်း ၁၀၀ ခန့်ရှိသည့် တိရစ္ဆာန်ဥယျာဉ်မှာ တစ်ကမ္ဘာလုံးတွင် ၄၀ ခန့်သာရှိပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် တစ်ခုအပါအဝင်ဖြစ်သဖြင့် ကမ္ဘာ့အလယ်တွင် မြန်မာ့ဂုဏ်ဆောင် တစ်ခုဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ဂုဏ်ဆောင် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို လက်ရှိအဆင့်ထက် တစ်နေ့တခြားတိုးတက်နေအောင် အမြဲဂရုပြု ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထိုအချိန်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက ကဗျာလွတ်အကဖြင့် ကပြဖျော်ဖြေကြပြီး နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်စာလုံးကို သရုပ်ဖော်ကြသည်။

အမွေးနံ့သာရည်များပက်ဖျန်း

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မော်တော်ယာဉ်ငယ်များဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာန နာယကဆရာတော် ဝိဇာတပူဇာမွေးနေ့အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၏ သက်တော်(၄၃)နှစ်မြောက် ဝိဇာတပူဇာမွေးနေ့အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါစာသင်တိုက် ပြည်လုံးချမ်းသာသိမ်တော်ကြီး၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် အင်းစိန်ရွာမပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသောဆရာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊သာသနာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အလှူရှင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရွှေတံဆိပ်(၁၇)ဆုရ တေးသံရှင် မအိအိချွန်က ဦးစိန်မင်းသားနှင့် တွဲဖက်၍ "ထူးမခြားနား" ရောင်ခြည်တော် ဘွဲ့သီချင်းခန့်ဖြင့် သီဆိုပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်၊တိုက်အုပ် ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စေတနာရှင် အလှူရှင်များက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများအတွက် သီရိသုဓမ္မဇောတိကဓဇ သမားတော် ဦးဘိုကြီး–သီရိသုဓမ္မသီရိ ဒေါ်သန်းသန်း(ရွှေပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်) မိသားစုက သင်္ကန်းအစုံ ၅၀၊ ခြုံထည်သင်္ကန်း ၄၃ ထည်၊ ဒိုင်ယာရီစာအုပ် ၃၀၀ နှင့် ငွေကျပ်သိန်း ၁၁၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးမြတ်လွင်–သီရိသုဓမ္မသီရိ ဒေါ်မြတ်မြတ်စိုးမိသားစု (မြတ်သပြေ ကုမ္ပဏီ) က ငွေကျပ် ၃၅ သိန်း၊ ဗိုလ်ချုပ်တင်ငွေ(အငြိမ်းစား)–ဒေါ်လှလှသိန်း မိသားစုက ငွေကျပ် ၁၂ သိန်း၊ တိုက်နယ်ဆရာဝန် ဒေါက်တာဝင်းထိန်–ဒေါ်သန်းသန်းလွင် မိသားစုက ငွေကျပ် ၁၁ သိန်း၊ မြင်းခြံမြို့ သုခိတာ ဆေးလိပ်ခုံပိုင်ရှင်ဦးရှိန်–ဒေါ်ပုလေး မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးကျော်ထွန်း–ဒေါ်ခင်ဝင်း မိသားစုက ငွေကျပ် ခုနစ်သိန်း၊ မယ်တော်ကြီး ဒေါ်အိလေး သားသမီးမြေးတစ်စု၊ ဦးကျော်မြင့်–ဒေါ်တင်တင်အေး (ထိပ်တန်း တင်တင်အေး–မုန့်ဟင်းခါး)မိသားစု၊ ဦးသိန်း–ဒေါ်နှင်းနှင့်မိသားစု၊ ဒေါ်လှကြည်(ဆရီအေးရှားကုမ္ပဏီ)သားသမီးမြေးတစ်စု၊ ဒုတိယရှေ့နေချုပ် ဦးဟန်ရှိန်–အဂ္ဂမဟာ သီရိသုဓမ္မသီရိ ဒေါ်မြမြလေးမိသားစုနှင့် ဒေါ်ညို၊ သမီး မချိုချိုမိသားစုတို့က ငွေကျပ် ငါးသိန်းစီ အပါအဝင် အလှူငွေကျပ် စုစုပေါင်း ၂၂၄ သိန်းကျော်ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လက်ခံကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တပညိန္ဒအရှင်သူမြတ်က အလှူရှင်စာရင်းနှင့် မွေးနေ့ရှင်ဆရာတော်၏ သာသနာပြုလုပ်ငန်းများနှင့် ပတ်သက်၍ ဖတ်ကြား လျှောက်ထားတော်မူသည်။

ဆုတောင်းမေတ္တာပို့သ

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးစံသင်းလှိုင်ကတပည့်ဒါယကာ၊ ဒါယိကာမများကိုယ်စား မွေးနေ့ရှင်ဆရာတော် အရှင်သူမြတ်အား ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက် စီမံအုပ်ချုပ်မှုနာယကဆရာတော်များအဖွဲ့ အကျိုးတော်ဆောင် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရအရှင်မြတ် ဟောကြားတော်မူသော အနုမောဒနာတရားကို တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်ပရိသတ်များက နာယူတော်မူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ပြည်သူများအနားယူအပန်းဖြေနိုင်ရေးအတွက် စီစဉ်တင်ဆက်သည့် တိရစ္ဆာန်လိမ္မာပြပွဲကို ကြည့်ရှုအားပေးကြသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သည် ၎င်း၏သက်တမ်းနှစ် ၁၀၀အတွင်း အများပြည်သူများ၏ဆွဲဆောင်ရာနေရာအဖြစ် ရန်ကုန်မြို့တွင်တည်ရှိသည်။ ၅၈ ဒသမ ၂၅ ဧက ကျယ်ဝန်းသည့် ဥယျာဉ်ကြီးတွင် ရှေးမူမပျက် တိရစ္ဆာန်လှောင်အိမ်များနှင့် ခေတ်မီလှောင်အိမ်များရှိသည့်အပြင် အရိပ်ရအပင်ကြီးများ ပေါက်ရောက်ပြီး နှစ်စဉ် လူဦးရေ ၁ ဒသမ ၅သန်းခန့် လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေအနားယူကြသည်။

တိရစ္ဆာန်စုဆောင်းထားရှိမှုတွင် ဆင်၊ ကြံ့၊ ရေမြင်း၊ ကျား၊ ကျားသစ်များသာမက ရှားပါးတိရစ္ဆာန်များဖြစ်သည့် ရွှေသမင်၊ သားမင်း၊ ပန်ဒါနီ၊ ငှက်ကုလားအုတ် အစရှိသည့် တိရစ္ဆာန်များပါ စုဆောင်းထားရှိပြီး ရက္ခဗေဒဆိုင်ရာအပင်အမျိုးပေါင်း ၂၀၀ ကျော်တွင် ကျွန်း၊ သော်ကကြီး၊ မယ်ဇယ်၊ လင်းလွန်းနှင့် ကရဝေးပင်တို့ ပါဝင်ကြောင်းသိရသည်။

ခင်းကျင်းပြသထား

အဆိုပါ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲတွင် သစ်တောရေးရာ ဝန်ကြီးဌာနပြခန်းနှင့် ကုမ္ပဏီများ၏ လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန်ပစ္စည်း ပြခန်းများကို ခင်းကျင်းပြသထားသည်။ နှစ်(၁၀၀)ပြည့်ပွဲတော်လာ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာအနားယူအပန်းဖြေနိုင်ရေးအတွက် တိရစ္ဆာန်လိမ္မာပြပွဲနှင့် စင်တင်တေးဂီတများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်မည်ဖြစ်ပြီး အဆင်ပြေသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် စားသောက်ဆိုင်မျိုးစုံ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ပွဲကို ယနေ့မှ ဇန်နဝါရီ ၂၉ ရက်အထိ ငါးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြသိန်းတန်စာသင်တိုက် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၅

မိဘများဖြစ်ကြသော ဦးဘဦး–ဒေါ်မမကြီးတို့ကိုရည်စူး၍ ဒဂုံမြို့နယ် ဗိုလ်ရာညွှန့်လမ်း အမှတ် ၂၁ နေ ဦးခင်မောင်အုန်း–ဒေါ်တင်တင်စု မိသားစုတို့က ဇန်နဝါရီ၂၄ရက်၌ ပုဇွန်တောင် မြသိန်းတန်ပရိယတ္တိစာသင်တိုက် ဆွမ်းပဒေသာပင်အတွက် ငွေကျပ်ရှစ်သိန်းငါးသောင်းကို ကုသိုလ်ပြုလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံ စင်ကာပူအသင်း ရန်ပုံငွေဈေးရောင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

နှစ်စဉ် ကျင်းပမြဲဖြစ်သော မြန်မာနိုင်ငံ စင်ကာပူအသင်း(Singapore Association Myanmar)မှ ကြီးမှူးကျင်းပသည့် (၁၁)ကြိမ်မြောက်ရန်ပုံငွေ ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၃နာရီထိ ရန်ကုန်မြို့ Dusit Inya Lake Hotel မြက်ခင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Mr.Thambynathan Jasudasen နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်အတူ ဈေးရောင်းပွဲတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့က ဖွင့်လှစ်ရောင်းချသော ရန်ပုံငွေ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

လှူဒါန်းမည်

အဆိုပါဈေးရောင်းပွဲတော်မှ ရရှိသောရောင်းချရငွေများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓမ္မဒူတ တောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၅

ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်းအနီးရှိ ဓမ္မဒူတသာသနာ့ရိပ်သာ၌ ဒုတိယအကြိမ် ခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၁ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ရိပ်သာ ပဓာန နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ ကိုယ်တိုင် တရားတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများ ဇန်နဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ရိပ်သာဖုန်း–၀၅၂–၂၄၅၅၀ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ယောနယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ယောနယ်အသင်း(ရန်ကုန်)၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို လာမည့် ဖေဖော်ဝါရီ၅ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီ တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် လမ်း ၄၀၊ အမှတ်(၂၀၂) ဒုတိယထပ်ရှိ ယောနယ်အသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၄–၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၊ တက္ကသိုလ်၊ ကောလိပ်၊ ဒီပလိုမာဘွဲ့ရသူများဖြစ်ကြသော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းထောက်ခံချက်နှင့်အတူ ဦးအေးမောင် ဥက္ကဋ္ဌ အမှတ် ၅၂ လမ်း ၃၀ ဖုန်း–၂၄၀၆၁၄၊ ဦးအောင်မြ ဒုတိယဥက္ကဋ္ဌ အမှတ် ၁၄၀ ၃၇ လမ်း ဖုန်း–၃၈၆၄၄၇၊ ဦးသာလှ အတွင်းရေးမှူး အမှတ် ၉၉ ဆိပ်ကမ်းသာလမ်း ဖုန်း–၃၈၀၄၄၈ တို့သို့ ဇန်နဝါရီ ၂၉ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန်နှင့် ယောနယ်သူ ယောနယ်သားများ၊ အသင်းဝင်လိုသူများနှင့် အသင်းသားအသင်းသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ၊ အသင်းဝင်ကြေးများကိုလည်း တစ်ပါတည်း လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၅

မြန်မာ့ခရီးသွားလုပ်ငန်းဌာနသည် ပြည်တွင်းခရီးသွားများ မြန်မာပြည်အနှံ့ လွယ်ကူစွာနှင့် စရိတ်သက်သာစွာဖြင့် ခရီးသွားလာနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စီစဉ်ဆောင်ရွက်ပေးရာတွင် ဘုရားဖူးခရီးစဉ်၊ ဒေသန္တရလေ့လာရေးခရီးစဉ်၊ အပန်းဖြေခရီးစဉ် စသည့်ခရီးစဉ်မျိုးစုံကို အစုအဖွဲ့အလိုက်ဖြစ်စေ၊ အဖွဲ့ငယ်အလိုက်ဖြစ်စေ၊ လွယ်ကူသက်သာပျော်ရွှင်စွာသွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေရာ အပန်းဖြေခရီးစဉ်ဖြစ်သည့် ချောင်းသာ၊ ငွေဆောင်၊ ငပလီခရီးစဉ်များ၊ လေ့လာရေးခရီးစဉ်များဖြစ်သည့် မြစ်ကြီးနားခရီးစဉ်၊ ကျိုင်းတုံ–တာချီလိတ်ခရီးစဉ်၊ စစ်တွေ– မြောက်ဦးခရီးစဉ်၊ လားရှိုး–မူဆယ်ခရီးစဉ်များ၊ ဘုရားဖူးခရီးစဉ်များဖြစ်သည့် ပုဂံဘုရားစုံဖူး၊ ကျိုက်ထီးရိုး၊ ရွှေစက်တော်စသည့်ခရီးစဉ်များအတွက် အဆင့်မြင့်ယာဉ်များဖြင့် ပို့ဆောင်ပေးနေပြီး ဒေသအလိုက် အဆင့်မီဟိုတယ်များတွင် တည်းခို နေထိုင်စားသောက်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အစုအဖွဲ့ဖြင့် သွားရောက်မည့် ခရီးသည်များအတွက် မြန်မာပြည်အနှံ့ မည်သည့်ခရီးစဉ်၊ မည်သည့်နေ့ရက်မဆို သွားရောက်တည်းခိုနေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အသေးစိတ်သိလိုပါက မြန်မာ့ခရီးသွားလုပ်ငန်းဌာန အမှတ်(၇၇–၉၁)ဆူးလေဘုရားလမ်း ရန်ကုန်မြို့ ဖုန်း–၂၅၂၈၅၉ နှင့် ၃၈၇၀၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှားဖြစ်ပွားနေသော သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးပြဿနာများ

ဒေါက်တာညီညီ

သွားနှင့် ခံတွင်းရောဂါများသည် ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးပြီး နိုင်ငံများရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ပါ ကျန်းမာရေး ပြဿနာများအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ပြီး အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု နည်းပါးနေသေးသော ဒေသများ၌ ဝန်ထုပ်ဝန်ပိုးတစ်ခုပမာ ဖြစ်ပွားမှုနှုန်းမြင့်မားလျက်ရှိပါသည်။ သွားပိုးစားရောဂါ၊ သွားဖုံးရောင်ရောဂါ၊ သွားဆုံးရှုံးမှု၊ ခံတွင်းအမြေးပါးအနာများ၊ ခံတွင်းကင်ဆာ၊ HIV/AIDSနှင့် နီးနွယ်နေသော ခံတွင်းအနာများ၊ သွားနှင့်ခံတွင်း ထိခိုက်ဒဏ်ရာရရှိမှု စသည်တို့သည် အဓိက လူထုကျန်းမာရေး ပြဿနာများအဖြစ် ကမ္ဘာတွင်ဖြစ်ပွားလျက်ရှိပေသည်။

သွားနှင့်ခံတွင်းရောဂါများကြောင့် ကိုယ်ခန္ဓာ ကျန်းမာရေးသည် တစ်ခါတစ်ရံတွင် ပိုမိုချို့တဲ့စေနိုင်သကဲ့သို့ အချို့သော နာတာရှည်ရောဂါများ (ဥပမာ-ဆီးချို) ကြောင့်လည်း သွားနှင့်ခံတွင်းတွင် ရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။ **ညီမညီးနေသောသွားများနှင့် ပွန်းပဲ့ပျက်စီးနေသော သွားများရှိနေခြင်းကြောင့် ဖြစ်စေ၊ သွားမရှိခြင်းကြောင့်ဖြစ်စေ လူမှုနယ်ပယ်တွင် ပြောဆိုဆက်ဆံကြရသည့်အခါနှင့် အစာစားသည့်အခါတို့တွင် အခက်အခဲ အဟန့်အတား ဖြစ်ကြရသည်။ သွားရောဂါ၏ နာကျင်ကိုက်ခဲသည့် ဝေဒနာကြောင့်လည်း နေ့စဉ် လူနေမှုဘဝ၏ သာယာချမ်းမြေ့မှုသည် လျော့ပါးပျက်ပြယ်ကြရသည်။ ထို့ပြင် အလုပ်ခွင်နှင့် ကျောင်းတို့တွင်လည်း သွားနှင့်ခံတွင်းရောဂါများကြောင့် အဖိုးတန်သော အလုပ်ချိန်၊ ကျောင်းချိန်များ ဆုံးရှုံးနစ်နာကြရပြန်သည်။**

သွားနှင့် ခံတွင်းရောဂါများအနက် သွားပိုးစားရောဂါနှင့် သွားဖုံးရောင်ရောဂါတို့သည် အရေးအကြီးဆုံး သွားနှင့်ခံတွင်း ကျန်းမာရေးပြဿနာများအဖြစ် အစဉ်အဆက် သတ်မှတ်ခဲ့ကြသည်။ **သွားပိုးစားရောဂါ**သည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အဓိက ကျန်းမာရေးပြဿနာဖြစ်နေပြီး ကျောင်းနေရွယ် ကလေးသူငယ်တို့၏ ၆၀ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ဖြစ်ပွားလျက်ရှိသည်။ ဒေသတစ်ခု၏ သွားပိုးစားရောဂါဖြစ်ပွားမှုအဆင့်ကို ကျန်းမာရေးစစ်တမ်းများတွင် DMFTညွှန်းကိန်းဖြင့် ဖော်ပြကြသည်။ DMFT ညွှန်းကိန်းဆိုသည်မှာလူတစ်ဦးစီ၏ D=Decayed- ပိုးစားသော သွား၊ M=Missing- နုတ်ထားသော သွားနှင့် FT=filled teeth-ဖာထားသော သွားများကို ရေတွက်ပြီး စုပေါင်းဖော်ပြထားခြင်း ဖြစ်ပါသည်။ ဥပမာ-ဒေသတစ်ခုတွင် DMFT ညွှန်းကိန်း-၄ ဟု ဖော်ပြလျှင် ထိုဒေသရှိ လူတစ်ဦး၌ ပျမ်းမျှအားဖြင့် ပိုးစားသောသွား၊ နုတ်ထားသော သွားနှင့် ဖာထားသောသွားများ စုစုပေါင်း လေးချောင်းရှိသည်ဟု ဆိုလိုပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကမ္ဘာလုံးဆိုင်ရာ ခံတွင်းကျန်းမာရေးအခြေပြု အချက်အလက်ဘဏ် (Global oral health data bank) မှ ရရှိသော အချက်အလက်များအရ ၂၀၀၄ ခုနှစ်တွင် အသက် ၁၂နှစ်အရွယ် ကလေးငယ်များ၏ DMFT ညွှန်းကိန်းများမှာ အမေရိကတွင် ၃ ဒသမ၀၊ ဥရောပတွင် ၂ ဒသမ ၆၊ အာဖရိကတွင် ၁ ဒသမ၇၊ အာရှနှင့် အရှေ့တောင် အာရှတွင် ၁ ဒသမ၂ မှ ၂ ဒသမ ၆အထိ အသီးသီးရှိကြလေသည်။ **ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးငယ်များ၏ DMFT ညွှန်းကိန်းသည် မကြာသေးသောနှစ်များတိုင်အောင် နိမ့်ကျနေခဲ့သော်လည်း သွားပိုးစားရောဂါ ပျံ့နှံ့ဖြစ်ပွားမှုမှာ မြင့်တက်လာခဲ့ပေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ အချိုစားသုံးမှု မြင့်မားလာခြင်းနှင့် ဖလိုရိုဒ် အသုံးပြုမှု မပြည့်စုံသေးခြင်းတို့ကြောင့် ဖြစ်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံများတွင်မူ ဖလိုရိုဒ်ကို အကျိုးသက်ရောက်စွာ အသုံးပြုနိုင်ခြင်း၊ လူနေမှုပုံစံပြောင်းလဲလာခြင်းနှင့် တစ်ကိုယ်ရည် ခံတွင်းသန့်ရှင်းမှုကို အလေးဂရုပြုလာခြင်းတို့ကြောင့် ကလေးများ၏ DMFTညွှန်းကိန်းသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ကာလတစ်လျှောက်လုံး တဖြည်းဖြည်း ကျဆင်းလာခဲ့ပေသည်။** သို့သော် သွားပိုးစားရောဂါကို ကလေးငယ်များတွင်လုံးဝပပျောက်သွားအောင်မဆောင်ရွက်နိုင်သေးဘဲ အခြေအနေတစ်ရပ်တွင်သာ ဟန့်တားထိန်းချုပ်ထားနိုင်သည့် အနေအထားရှိပါသည်။ လူလတ်ပိုင်းတွင်မူ ရာခိုင်နှုန်းပြည့် နီးပါးသည် ကမ္ဘာတစ်ဝန်း သွားပိုးစားရောဂါ ခံစားနေကြရပြီး အသက် ၃၅ နှစ်မှ ၄၄နှစ်အထိ လူလတ်ပိုင်းများ၏ DMFTညွှန်းကိန်းများမှာ အာရှ၊ အရှေ့တောင်အာရှနှင့် အာဖရိကတို့တွင် ၅ဒသမ၀ မှ ၈ဒသမ၉ အထိလည်းကောင်း၊ ဥရောပတွင် ၉ဒသမ၀ မှ ၁၃ဒသမ၉အထိလည်းကောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် လက်တင်အမေရိကရှိ အချို့ဒေသတို့တွင် ၁၄ဒသမ၀ မှ ၁၄ဒသမ၀ ထက်ပို၍လည်းကောင်း အသီးသီးရှိကြပေသည်။

သွားဖုံးရောင်ရောဂါသည် သွားဖုံးကျန်းမာရေးချို့တဲ့သည့် လူလတ်ပိုင်းတွင် ဖြစ်ပွားလျက်ရှိပြီး ယင်းတို့၏ ၅ရာခိုင်နှုန်းမှ ၂၀ရာခိုင်နှုန်းသည် ဆိုးရွားသောရေစီးကမ်းပြို ရောဂါကြောင့် သွားဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိသည်။ သွားဖုံးကျန်းမာမှုအဆင့်ကို ကျန်းမာရေးစစ်တမ်းများတွင် CPI (Community Periodontal Index) ရမှတ်ဖြင့် ဖော်ပြကြရာ သွားဖုံးရောဂါကင်းစင်လျှင် CPI-0၊ သွားဖုံးမှ သွေးထွက်လျှင်CPI-1၊ သွားခြေတွင် ကျောက်တည်ပြီး သွားဖုံးသွေးထွက်လျှင် CPI-2၊ သွားဖုံးရောင်ပြီး သွားအောက်ခြေသွားဖုံးတွင် ကလိုဏ်(Pocket)ဖြစ်လျှင် CPI-3၊ ဇောက်နက်သော သွားဖုံးကလိုဏ်ဖြစ်လျှင် CPI-4 ဟူ၍ သတ်မှတ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ၏ ပြန်တမ်းများမှရရှိသော အသက် ၃၅နှစ်မှ ၄၄နှစ်ကြား လူလတ်ပိုင်းအရွယ်တို့၏ CPI ရမှတ်ရာခိုင်နှုန်းများကို ကြည့်လျှင် သွားဖုံးရောဂါလက္ခဏာများသည် ကမ္ဘာ့ဒေသအားလုံး (WHO region)၏ လူလတ်ပိုင်းတွင် မြင့်မားစွာ ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရပါသည်။

သွားဆုံးရှုံးမှုသည် အဓိကအားဖြင့် သွားပိုးစားရောဂါနှင့် ရေစီးကမ်းပြို ရောဂါတို့ကြောင့်ဖြစ်ရပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လူလတ်ပိုင်းနှင့် လူကြီးပိုင်းတို့၏ သွားဆုံးရှုံးမှုကို မကြာသေးမီကာလများက လူထုကျန်းမာရေးအစီအမံများဖြင့် အတော်အသင့် လျှော့ချနိုင်ခဲ့သော်လည်း သက်ကြီးရွယ်အိုများတွင်မူ သွားဆုံးရှုံးမှုသည် မြင့်မားလျက်ရှိပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ သက်ကြီးရွယ်အိုတို့၏ ဘ၀ အစောပိုင်းကာလမှာပင် သွားရောဂါကြောင့် သွားဆုံးရှုံးမှု ရှိနှင့်ခဲ့ပြီးဖြစ်သဖြင့် သွားမရှိသည့်သက်ကြီးရွယ်အို ဦးရေမှာ မြင့်မားနေခြင်းဖြစ်သည်။ သွားလုံးဝ မရှိတော့သည့် အသက် ၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အို ဦးရေ ရာခိုင်နှုန်းသည် အရှေ့တောင်အာရှတွင် ၁၆ ရာခိုင်နှုန်းမှ ၃၇ရာခိုင်နှုန်း၊ အနောက်ပစိဖိတ်ဒေသတွင် ၁၁ ရာခိုင်နှုန်းမှ ၅၇ရာခိုင်နှုန်း၊ အရှေ့ပိုင်း မက်ဒီတာရေးနီးယန်းဒေသတွင် ၇ရာခိုင်နှုန်းမှ ၄၆ရာခိုင်နှုန်း၊ အာဖရိကတွင် ၂၅ ရာခိုင်နှုန်း၊ ဥရောပတွင် ၁၃ရာခိုင်နှုန်းမှ ၆၉ရာခိုင်နှုန်း၊ အမေရိကတွင် ၂၆ရာခိုင်နှုန်းမှ ၅၈ရာခိုင်နှုန်းအထိ အသီးသီး ရှိကြလေသည်။

ခံတွင်းအမြေးပါး အနာများအနက် အချို့သည် ရှေ့ပြေးကင်ဆာအနာများ (Oral Precancer)ဖြစ်ကြပြီး Leukoplakia (အဖြူကွက်)သည် မကြာခဏတွေ့ရတတ်သော ရှေ့ပြေးကင်ဆာအနာတစ်မျိုးဖြစ်သည်။ ယင်းအနာကို ပါးစောင်းအမြေးပါး၊ လျှာ၏ ဘေးဘက်အနားတစ်လျှောက်နှင့် လျှာ၏ အောက်ဘက်ခံတွင်းအောက်ခြေ အမြေးပါးတို့တွင် တွေ့ရတတ်ပြီး လက်နှင့်ပွတ်တိုက်သော်လည်း မကွာနိုင်သော အဖြူရောင်အကွက်သဏ္ဌာန် အနာများ ဖြစ်ပါသည်။ Leukoplakiaသည် အသက် ၁၅ နှစ်အထက် လူလတ်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ၁ဒသမ၁ရာခိုင်နှုန်းမှ ဆွီဒင်နိုင်ငံ၌ ၃ဒသမ၆ ရာခိုင်နှုန်းအထိ ဖြစ်ပွားလျက်ရှိပါသည်။ ခံတွင်းတွင် တွေ့ရတတ်သော ရှေ့ပြေးကင်ဆာ နောက်တစ်မျိုးမှာ Erythrop- lakia (အနီကွက်)ဖြစ်ပြီး ဆိုးရွားသော ကင်ဆာအနာအဖြစ်သို့ ပြောင်းလဲနိုင်မှုသည် Leukoplakia (အဖြူကွက်) ထက်ပို၍ ဖြစ်နိုင်ပါသည်။ Erythroplakia သည် လူလတ်ပိုင်းတွင် ၁ရာခိုင်နှုန်းခန့် ဖြစ်ပွားလျက်ရှိပါသည်။

ခံတွင်းကင်ဆာသည် ကမ္ဘာတွင် အဋ္ဌမမြောက်အဖြစ်အများဆုံး ကင်ဆာရောဂါဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများထက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဖြစ်များလျက် ရှိပါသည်။ အမျိုးသားဦးရေ ၁၀၀၀၀၀လျှင် တစ်ဦးမှ ၁၀ ဦးအထိ ဖြစ်ပွားပြီး အမျိုးသမီးများထက်ပို၍ အဖြစ်များသည်ကို တွေ့ရပါသည်။ တောင်အာရှဒေသတွင် အဖြစ်အများဆုံး ကင်ဆာရောဂါသုံးမျိုး၌ ခံတွင်းကင်ဆာ ပါဝင်ပြီး အိန္ဒိယတွင် လူဦးရေ ၁၀၀၀၀၀လျှင် ၁၂ဒသမ၆ဦးခန့် ဖြစ်ပွားလျက်ရှိပါသည်။

HIV/AIDS နှင့် နီးနွယ်သော ခံတွင်းအနာများမှာ ခံတွင်းအမြေးပါးတွင် ဖြစ်သည့် အဖြူရောင်၊ အနီရောင် အကွက်အနာများ၊ သွားဖုံးနှင့် သွားခြေတွင်ဖြစ်သည့် အသား ဆွေးမြေ့ပြည်တည်နာများ၊ ကာပိုဆီကင်ဆာ အနာနှင့် ပြန်ရည်ဂလင်း ကင်ဆာအနာတို့ဖြစ်ကြသည်။

HIV ပိုးကူးစက်နေသော လူတို့၏ ၄၀ရာခိုင်နှုန်းမှ ၅၀ရာခိုင်နှုန်းတွင် ခံတွင်းအနာများကို ကနဦးရောဂါ လက္ခဏာများအဖြစ် ရောဂါပိုးကူးစက်သော အစောပိုင်း ကာလမှာပင် မြင်တွေ့ကြရပေသည်။

သွားနှင့်ခံတွင်း ထိခိုက်ဒဏ်ရာရရှိမှုသည် အများအားဖြင့် ကစားခုန်စား ခြင်း၊ အခမ္ဘတိုက်ခိုက်သတ်ပုတ်ခြင်းနှင့် ယာဉ်တိုက်ခိုက်မှုတို့ကြောင့် ဖြစ်ကြရပြီး လက်တင်အမေရိကရှိ နိုင်ငံအချို့တွင် အသက် ၆နှစ်မှ၁၂ နှစ်ကြား ကလေးငယ်တို့၏ ၁၅ ရာခိုင်နှုန်းခန့်၊ အရှေ့ အလယ်ပိုင်း ဒေသတွင် ၅ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းခန့်အထိ ဖြစ်ပွားလျက်ရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် သွားနှင့်ခံတွင်း ထိခိုက်ဒဏ်ရာရရှိမှုသည် မြင့်မားလျက်ရှိပြီး အသက် ၆ နှစ်ဝန်းကျင် ကလေးငယ်များ၌ ၁၆ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း၊ အသက် ၁၂ နှစ်မှ ၁၄ နှစ်ကြားလူငယ်များ၌ ၄ ရာခိုင်နှုန်းမှ ၃၃ရာခိုင်နှုန်းအထိ ဖြစ်ပွားလျက်ရှိပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးဆိုင်ရာ အခြားပြဿနာများမှာ သွားကြွေလွှာပါးခြင်း (Dentalerosion)၊ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဖြစ်ခြင်း၊ ဖလိုရိုဒ်ကြောင့် သွားအရောင်ပြောင်းလဲခြင်း စသည်တို့ဖြစ်ကြသည်။ သွားကြွေလွှာပါးခြင်းသည် သွားမျက်နှာပြင်ရှိ အသစ်ပြန်မဖြစ်နိုင်သော ကြွေလွှာကို ဓာတုပစ္စည်း (အက်ဆစ်)က တဖြည်းဖြည်းတိုက်စားသွားပြီး သွားမျက်နှာပြင် ပါးလာခြင်းကို ဆိုလိုပေသည်။ နိုင်ငံအများအပြားတွင် သွားကြွေလွှာပါးခြင်းသည် တဖြည်းဖြည်းကြီးမားလာသော ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာပြီး လူလတ်ပိုင်းအရွယ်၏ ၈ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ ဖြစ်ပွားလျက်ရှိပါသည်။ ဖြစ်ပွားနှုန်းမြင့်တက်လာခြင်းမှာ အချဉ်ဓာတ်ပါသော သစ်သီးဖျော်ရည်များနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဒ်ပါသော အချိုရည်များ သောက်သုံးမှု မြင့်မားလာခြင်းကြောင့် ဖြစ်နိုင်ကြောင်း စဉ်းစားကြပေသည်။

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဖြစ်ခြင်းကို ကမ္ဘာ့ဒေသအနှံ့အပြားတွင် တွေ့မြင်ကြရပြီး အမေရိကဇာတိ ကလေးငယ်ဦးရေ ၁၀၀၀ တွင် ၃ ဒသမ ၇၄ ဦးနှုန်း၊ ဥရောပကလေးငယ်ဦးရေ ၆၀၀တွင် တစ်ဦးနှုန်း၊ အာရှ ကလေးငယ်ဦးရေ ၁၀၀၀ တွင် ၀ ဒသမ ၈၂ မှ ၄ ဒသမ ၀၄ ဦးနှုန်း၊ ကော့ကေးရှပ်ကလေးငယ်ဦးရေ ၁၀၀၀ တွင် ၀ဒသမ ၉မှ ၂ဒသမ ၆၉ဦးနှုန်း၊ အာဖရိက ကလေးငယ်ဦးရေ ၁၀၀၀တွင် ၀ဒသမ ၁၈မှ ၁ ဒသမ ၆၇ ဦးနှုန်းဖြစ်ပွားလျက်ရှိသည်။ မွေးရာပါနှမ်းခမ်းကွဲ၊ အာခေါင်ကွဲဖြစ်ခြင်းသည် မျိုးရိုးဗီဇနှင့် သက်ဆိုင်သကဲ့သို့ ပတ်ဝန်းကျင် အခြေအနေနှင့်လည်း နီးနွယ်နေပေရာ ဖော်လစ်အက်ဆစ်ချို့တဲ့ခြင်း၊ မိခင်ဆေးလိပ်သောက်ခြင်း၊ ကိုယ်ဝန်ဆောင်စဉ် ကာလတို့နှင့်လည်း ပတ်သက်ဆက်နွယ်နေပေသည်။

ဖလိုရိုဒ်ကြောင့် သွားအရောင်ပြောင်းလဲခြင်းသည် ဖလိုရိုဒ်ဓာတ်များစွာ ပါဝင်နေသော သောက်ရေကို သောက်သုံးကြီးပြင်းခဲ့ရသည့် လူများတွင် တွေ့ရပါသည်။ သွားပိုးစားမှုကို ကာကွယ်ပေးနိုင်သော ဖလိုရိုဒ်ဓာတ်၏ ပမာဏသည် သောက်ရေတွင် ၁ ဒသမ ၅ PPM (parts permillion=ရေအပုံတစ်သန်းတွင် ဖလိုရိုဒ်၁ဒသမ ၅ပုံ) လိုအပ်ပြီး အကယ်၍ ယင်းပမာဏထက်ပိုများလျှင် ထိုရေကို သောက်သုံးကြသည့် ဒေသတွင်းရှိ ကလေးငယ် များ၏ ဖွံ့ဖြိုးဆဲသွားများတွင် ဖလိုရိုဒ်လွန်ကဲမှု အနည်း အများအလိုက် အဝါရောင်၊ အညိုရောင်သို့ အရောင် ပြောင်းလဲခြင်းနှင့် ကြွေလွှာပုံသဏ္ဌာန် ပျက်ယွင်းခြင်းများ ဖြစ်စေပါသည်။ အရှေ့အာဖရိက၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ အချို့ဒေသတို့တွင် နေထိုင်ကြီးပြင်းခဲ့သည့် လူတို့၌ ဖလိုရိုဒ်ကြောင့် သွား၏အရောင်ပြောင်းလဲခြင်းနှင့် ပုံသဏ္ဌာန် ပျက် ယွင်းခြင်းဖြစ်ပွားလျက်ရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးကို အမျိုးသားရေးဦးတည်ချက်အဖြစ် ချမှတ်၍ အလေးထားအကောင်အထည် ဖော်လျက်ရှိရာ ကျန်းမာရေး ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရနှင့် အမျိုးသား ကျန်းမာရေးကော်မတီ၏ ဦးဆောင် လမ်းညွှန်မှုကို ခံယူလျက် အခြားဆက်နွယ် ပတ်သက်သောဌာနများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ စေတနာရှင် အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လက်တွဲလျက် တိုင်းရင်းသား ပြည်သူများ၏ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေး လုပ်ငန်း များကို ဟန်ချက်ညီညီ အကောင်အထည်ဖော် လျက်ရှိပေသည်။ ထို့ပြင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့ပြနှင့် ကျေးလက်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက် နည်းနိုင်သမျှ နည်းအောင် စီမံဆောင်ရွက် လျက်ရှိရာ ယခုအခါတွင် မြို့ပြနှင့် ကျေးလက်ဒေသ များသာမက နယ်စပ် ဒေသများ၌ပါ ကျန်းမာရေးစောင့်ရှောက်မှုသည် သိသိသာသာ တိုးတက်လာပြီ ဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ အရည်အချင်းပြည့်ဝသော ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရန် ရည်ရွယ်လျက် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိရာ သွားနှင့်ခံတွင်း ကျန်းမာရေးကဏ္ဍတွင် ယခင်က သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တစ်ခုတည်းရှိခဲ့ရာမှ တပ်မတော်အစိုးရ လက်ထက်တွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှစ်ခု ပေါ်ထွန်းလာခြင်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)တွင် နိုင်ငံတကာအဆင့်မီ သင်ကြားရေးဆေးရုံသစ်ကြီး ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ သွားဘက်ဆိုင်ရာ ဆေးပညာဒီပလိုမာသင်တန်း၊ မဟာသိပ္ပံသင်တန်းနှင့် ပါရဂူသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ ယခုအခါတွင် သွားဘက်ဆိုင်ရာဆရာဝန်ပေါင်း ၁၅၀၀ကျော်မွေးထုတ်နိုင်ခဲ့ပြီး ခရိုင်အဆင့် သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး ၃၄ဦးနှင့် တိုင်းနှင့် ပြည်နယ်အဆင့် သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီးရှစ်ဦး ခန့်အပ်နိုင်ခဲ့ခြင်းတို့သည် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးလောက၏ ပေါ်လွင်ထင်ရှားသော သမိုင်းမှတ်တိုင်များဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးငယ်များ၏ DMFT ညွှန်းကိန်းသည် မကြာသေးသော နှစ်များတိုင်အောင် နိမ့်ကျနေခဲ့သော်လည်း သွားပိုးစားရောဂါ ပျံ့နှံ့ဖြစ်ပွားမှုမှာ မြင့်တက်လာခဲ့ပေသည်။ ထိုသို့ ဖြစ်ရ ခြင်းမှာ အချိုစားသုံးမှု မြင့်မားလာခြင်းနှင့် ဖလိုရိုဒ် အသုံးပြုမှု မပြည့်စုံသေးခြင်းတို့ကြောင့် ဖြစ်သည်။ ဖွံ့ဖြိုးပြီး နိုင်ငံများတွင်မူ ဖလိုရိုဒ်ကို အကျိုးသက်ရောက်စွာ အသုံးပြုနိုင်ခြင်း၊ လူနေမှုပုံစံပြောင်းလဲလာခြင်းနှင့် တစ်ကိုယ်ရည် ခံတွင်းသန့်ရှင်းမှုကို အလေးဂရုပြုလာခြင်းတို့ကြောင့် ကလေးများ၏ DMFT ညွှန်းကိန်းသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော် ကာလတစ်လျှောက်လုံး တဖြည်းဖြည်း ကျဆင်းလာခဲ့ပေသည်။

နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်မည်ဟု အခြေခံရမည့်မူချမှတ်ပြီးဖြစ်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ပါဝင်သော ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ယင်းပါတီမှ ဦးဆမ်ဆောင်ကား၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားသည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များနှင့် တပ်မတော်အခန်းဆိုင်ရာ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ မိမိတို့ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ အကြံပြုချက် စာတမ်းကို ဆွေးနွေးတင်ပြသွားမှာဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေး(၃)ပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ကာ နိုင်ငံတော်ကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံကနေ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် တိုင်းရင်းသားလူမျိုးစုများအားလုံးနှင့် ပြည်သူများ လိုလားတောင့်တနေကြသည့် ဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်နိုင်ရန် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ဖြစ်ပေါ်ရေးအတွက် အလေးထား ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်ဥပဒေ၏ ဦးသျှောင်အချုပ် ဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ခု၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ အာဏာသုံးရပ်ကို သက်ဆိုင်ရာနိုင်ငံ၏ သမိုင်းဖြစ်စဉ်များနှင့် နိုင်ငံသားတို့၏ လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်ကိုက်ညီမည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

မျက်မှောက်ခေတ်ကာလ နိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများကို လေ့လာ သုံးသပ်ပြီး အနာဂတ်နိုင်ငံတော်အတွက် မိမိနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝ တိုင်းရင်းသားလူမျိုးများ၏ ဖြစ်တည်မှု၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း အခြေအနေများနှင့်ကိုက်ညီမည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်မှသာလျှင် နိုင်ငံတော်၌ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလာမှာဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်အတွက် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့် အခါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို တိတိ ကျကျဖြင့် ရှင်းရှင်းလင်းလင်းဖော်ပြထားရှိရန်လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံ သားဖြစ်ရန်အတွက် မည်သည့်အချက်အလက်များ လိုအပ်သည်၊ နိုင်ငံသားများ အနေဖြင့် ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများ နိုင်ငံတော်အတွက် မည်သည့် တာဝန်ထမ်းဆောင်ကြရန်ဆိုသည်ကို သိရှိတွေ့မြင်နိုင်မှာဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံ အတော်များများသည် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သီးခြားအခန်းတစ်ခန်း ပြဋ္ဌာန်းသတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် မူလအခွင့်အရေးခေါင်းစဉ်နှင့် ပြဋ္ဌာန်းထား ရှိပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဆိုသည့် ခေါင်းစဉ်ဖြင့် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရကြောင်း။

အခွင့်အရေးနှင့် တာဝန်များသည် အမြဲဒွန်တွဲလျက်ရှိကြောင်း၊ အခွင့်အရေး နှင့် တာဝန်၊ အပေးနှင့်အယူမျှတသရွေ့ ပြည်ထောင်စုတွင် သာယာအေးချမ်း မည်။ အခွင့်အရေးယူသည်ကများ၍ တာဝန်တုံ့ပြန်သည်ဘက်က ပေါ့လျော့ နေလျှင် ပြည်ထောင်စုတွင် ပဋိပက္ခများရှိမည်၊ အခွင့်အရေးလုယူခြင်း၊ အာဏာလုခြင်းများရှိမည်၊ မတရားမှုများရှိနေမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်တွင် တိုင်းရင်းသားမျိုးနွယ်စုများသည် နိုင်ငံတော် အတွင်းရှိ ဒေသအသီးသီးတွင် ယခင်ကထက် ပိုမိုပြီး ရောနှောလျက် အခြေချ နေထိုင်ကြသည်ကို တွေ့မြင်ရကြောင်း၊ ယင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများသည် သဘောသဘာဝအားဖြင့် တူညီသည့် ဝိသေသလက္ခဏာများရှိကြသကဲ့သို့ ကွဲပြားမှုများလည်း အထိုက်အလျောက် ရှိနေကြပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူကျင့်သုံးပိုင်ခွင့်ရှိသည့် မူလအခွင့်အရေး များကို ပြည်သူတွေအနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း စည်းလုံး ညီညွတ်မှု မထိခိုက်၊ မပျက်ပြားစေရအောင်၊ တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အနုပညာ၊ စာပေစသည်တို့ကို အခြားသော တိုင်းရင်းသားမျိုးနွယ်စုများက ထိပါးမှုမဖြစ်စေရအောင်၊ ထိန်းသိမ်းစောင့်ရှောက် ကြရန်လိုအပ်ကြောင်း၊ ယင်းအခွင့်အရေးများကို ပြည်သူများက မှန်မှန်ကန်ကန် ရယူသုံးစွဲပြီး မိမိတို့ကိုပေးထားသည့် မူလအခွင့်အရေးများကို ထိပါးလာခဲ့လျှင် တရားနည်းလမ်းများနှင့်အညီ ရယူကျင့်သုံးနိုင်ရန်လိုအပ်ကြောင်း။

နိုင်ငံသားများ၏ မူလအခွင့်အရေးတစ်ရပ်ဖြစ်သည့် နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံက “နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံး သည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများ ဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်မည်”ဟု အခြေခံရ မည့်မူ ချမှတ်ထားပြီးဖြစ်ကြောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အလားတူပြဋ္ဌာန်းထားရှိတာ တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်းပြီး–

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးဆမ်ဆောင်ကား ဆွေးနွေးအကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

၁။ အောက်ဖော်ပြပါအရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်–
  - (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊
  - (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

၂။ ‘နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်’ဆိုသည့် အခြေခံရမည့်မူကို ‘နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ’အခန်းမှာ အသေးစိတ်အခြေခံရမည့်မူအဖြစ် သတ်မှတ် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ကြောင်း။

နိုင်ငံတော်အတွင်းရှိ နိုင်ငံသားတိုင်းသည် ဥပဒေအရာတွင် တန်းတူညီမျှမှု၊ အခွင့်အရေးနှင့် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူရယူပိုင်ခွင့်ရှိကြရန် လိုအပ်ကြောင်း၊ ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေး စသည်တို့သည် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် ပြည်သူများခံစားခွင့်ရှိသင့်သည့် ဒီမိုကရေစီအခွင့်အရေးများဖြစ်ကြောင်း၊ နိုင်ငံ တော်၏ မည်သည့်နိုင်ငံသားကိုမဆို ဥပဒေအရ သတ်မှတ်ပေးထားသည့် အခွင့်အရေးများကို အညီအမျှခံစားခွင့်ရရှိအောင် ပြဋ္ဌာန်းထားရှိသင့်ကြောင်း။

မိမိတို့နိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသွားရမည်ဖြစ်ကြောင်း၊ ဒီမို ကရေစီကျင့်စဉ်များအနက် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးစည်းဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်နှင့် နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာ လုံခြုံမှုရရှိခွင့်စသည့် အသေးစိတ်အခြေခံရမည့်မူများ၊ ကျေးကျွန်ပြုခြင်း၊ လူအရောင်းအဝယ်ပြုခြင်း၊ ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်း၊ အဓမ္မစေခိုင်းခြင်းကို တားမြစ်သည့် အသေးစိတ်အခြေခံ ရမည့်မူများမှာ သင့်လျော်ကြောင်း။

နိုင်ငံတော်အတွင်း နေထိုင်ကြသည့် အများပြည်သူအနေနှင့် မိမိတို့ ယုံကြည်နှစ်သက်ကြသည့် ဘာသာ၊ သာသနာကို လွတ်လပ်စွာကိုးကွယ် ဆောက်တည်နိုင်ခွင့်မှုများ၊ နိုင်ငံတော်အကျိုးနှင့် အများပြည်သူများ၏ အကျိုး ကိုရှေးရှုပြီး ဘာသာ၊ သာသနာကိုးကွယ်မှုကို နိုင်ငံရေး၊ လူမှုရေး၊ အခြား လောကီရေးရာများနှင့် ရောထွေးမှုမရှိစေရေး၊ နိုင်ငံရေးကိစ္စအတွက် ဘာသာ၊ သာသနာကို အလွဲသုံးစားပြုမှုများပေါ်ပေါက်ခြင်းမရှိစေရေး၊ လူမျိုးရေးကြောင့် ဖြစ်စေ၊ ဘာသာ သာသနာကြောင့်ဖြစ်စေ၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့် တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စိတ်ဝမ်းကွဲမှုများ မပေါ်ပေါက်စေရေး တို့အတွက် လိုအပ်သည့်တားမြစ်ချက်များနှင့် အပြစ်ဒဏ်ပေးနိုင်ရန် ပြဋ္ဌာန်း ထားသည့် ဥပဒေများကို အခြေခံရမည့်မူများအဖြစ် ချမှတ်သည်မှာ လျော်ကန် သင့်မြတ်ကြောင်း။

မိမိတို့နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စု များစွာရှိကြောင်း၊ တိုင်းရင်းသားအများစုအနေဖြင့် မြန်မာစကားနှင့် စာပေကို ပြောဆိုအသုံးပြုကြသော်လည်း အချို့သော တိုင်းရင်းသားမျိုးနွယ်စုများသည် ကိုယ့်ဘာသာစကား၊ စာပေများလည်းရှိကြကြောင်း၊ မိမိတို့မြတ်နိုးသည့် စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းများကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာ အောင် လွတ်လပ်စွာ ဖော်ထုတ်နိုင်ခွင့်ရှိသင့်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်သည့်အခါ နိုင်ငံသား များ ပညာတတ်မြောက်မှုမှာ အဓိကအခန်းကဏ္ဍတွင်ပါဝင်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကို နိုင်ငံသားတိုင်း မသင်မနေရဟု ဥပဒေပြဋ္ဌာန်းထားရှိရန် အထူးလိုအပ်သလို သိပ္ပံစူးစမ်းရှာဖွေမှု၊ စာပေနှင့် အနုပညာ၊ ယဉ်ကျေးမှုများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် လွတ်လပ်စွာတီထွင်ကြံဆဖော်ထုတ်ရေးသားခွင့်၊ နိုင်ငံသားများအား လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား အမျိုးသမီး ခွဲခြားမှုမထားရှိဘဲ အရည်အချင်းအလိုက် ရာထူးခန့်ခြင်း၊ ရာထူးတိုးမြှင့်ပေးမှု များ စသည့် အခြေခံရမည့်မူများချမှတ်ထားတာလည်း လျော်ကန်သင့်မြတ် ကြောင်း။

နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းပြီးသည့်အခါ ပါတီစုံဒီမို ကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံတွင်တည်ကြောင်း၊ ယင်းအချုပ်အခြာအာဏာနှင့် စပ်လျဉ်းသည့်ကိစ္စအဝဝကို ဆုံးဖြတ်ဆောင်ရွက် နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်သော လွှတ်တော်များ ဖွဲ့စည်းဆောင်ရွက်ကြရပါမည်၊ ပြည်သူများ၏ ကိုယ်စား ဆောင်ရွက်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူများက ဆန္ဒမဲပေးပြီး ရွေးကောက်တင်မြှောက်ကြရမှာဖြစ်ကြောင်း၊ မိမိတို့ ရွေးကောက်တင်မြှောက် ကြသည့် လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်ကျေပွန်မှုမရှိခဲ့လျှင် ဥပဒေနှင့် အညီ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိသည့် အခြေခံရမည့်မူသည် သင့်လျော် ပါကြောင်း။

နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးရန် အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်ကြောင်း၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးမှာ အဓိကအခန်းကဏ္ဍမှာ ပါဝင်ကြောင်း၊ နိုင်ငံတော်က နိုင်ငံသားများကို ဥပဒေ နှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်၊ ပိုင်ဆိုင်ခွင့်မှုများ၊ ပြည်သူခပ်သိမ်းတို့ အား ဥပဒေအရာမှာ တန်းတူညီမျှမှုရှိစေရန်၊ တစ်စုံတစ်ယောက်က ရာဇဝတ် ပြစ်မှုတစ်ခုခုကို ကျူးလွန်မိခဲ့လျှင် သူကျူးလွန်ခဲ့သည့်ပြစ်မှုနှင့် သက်ဆိုင် သည့် ဥပဒေအရ ချမှတ်သင့်သည့် ပြစ်ဒဏ်ထက် ကြီးလေးသောပြစ်ဒဏ်ကို ချမှတ်ခြင်းမပြုရန်၊ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူတစ်ဦးသည် ဥပဒေနှင့် အညီ ခုခံချေပခွင့်ရှိစေရန်နှင့် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးများသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် ကြိုတင်ကာကွယ်ရန် လိုအပ်သည့်ကိစ္စများကလွဲပြီး မည်သူ့ကိုမျှ တရားဝင် ချုပ်မိန့်မရရှိဘဲ ၂၄နာရီထက်ပိုပြီး ချုပ်နှောင်ခြင်းမျိုးမပြုစေသင့်သည့် အသေး စိတ်အခြေခံရမည့်မူများသည် လျော်ကန်သင့်မြတ်ပါကြောင်း အကြံပြု တင်ပြ အပ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့်မူလ အခွင့်အရေးတစ်ရပ် ရပ်ကို ထိပါးမှုရှိလာသောအခါ ထိပါးခံရသူအနေနှင့် နစ်နာဆုံးရှုံးမှုများကို အကာအကွယ်ရယူနိုင်ရန် အာဏာပိုင်တစ်ရပ်ရှိရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီ စနစ်ကို လက်ခံကျင့်သုံးကြသည့် နိုင်ငံအများအပြားတွင် ယခုကဲ့သို့သော ကိစ္စမျိုးအတွက် ဆောင်ရွက်ပေးရန် တရားရေးရာမှာ အချက်အချာမဏ္ဍိုင် ဖြစ်သည့် တရားလွှတ်တော်ချုပ်(Supreme Court)ကို စာချွန်တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့်အာဏာအပ်နှင်းထားလေ့ရှိကြောင်း လေ့လာသိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလည်း စာချွန် တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့်အာဏာကို တရားလွှတ်တော်ချုပ်တွင် အပ်နှင်း ထားကြောင်း။

တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အမျိုးသားညီလာခံက နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းကြောင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားကြောင်း။

ထို့ကြောင့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ပိုင်ခွင့်အာဏာကို ပြည် ထောင်စု တရားလွှတ်တော်ချုပ်သို့ အပ်နှင်းထားသင့်ကြောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ထုတ်ဆင့်ပိုင်ခွင့် အာဏာအပ်နှင်း ရာမှာ အခြားတရားရုံးများအား တည်ဆဲအမိန့်ထုတ်ဆင့်ပိုင်ခွင့်အာဏာကိုမှု မထိခိုက်စေရဆိုသည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် နိုင်ငံတော် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင် ရသော တပ်ဖွဲ့ဝင်များအား ပေးထားသည့်အခွင့်အရေးများရှိခဲ့လျှင် ဥပဒေ ပြဋ္ဌာန်းပြီးမှ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းများပြုသင့်ကြောင်း အကြံပြုတင်ပြ အပ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူလအခွင့်အရေးများကို ရယူခံစားခွင့်ပေး ထားသကဲ့သို့ အခွင့်အရေးနှင့်ဒွန်တွဲနေသည့်တာဝန်ကိုလည်း နိုင်ငံသားတိုင်းက ကျေပွန်အောင်ထမ်းဆောင်ကြရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ပေါ်ထွန်းလာရန်၊ ဥပဒေပြဋ္ဌာန်းချက် များနှင့်အညီ စစ်ပညာသင်ကြားကြပြီး လိုအပ်သည့်အခါ နိုင်ငံတော်ကာကွယ်ရေး အတွက် စစ်မှုထမ်းကြရန်တာဝန်များအပြင် နိုင်ငံသားများအနေဖြင့် ဥပဒေအရ သတ်မှတ်ထားသည့် အခွန်အကောက်များပေးဆောင်ရမည့် တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်ပေးကြရန် လိုအပ်ကြောင်း။

“နိုင်ငံတော်”ဆိုသည့် စကားရပ်နှင့်စပ်လျဉ်းပြီး မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၂)၊ မူလအခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်း ချက်မှာ “နိုင်ငံတော်”ဆိုသည့်စကားရပ်၏ အဓိပ္ပာယ်ကို ရှင်းလင်းထားကြောင်း၊ ယခု အမျိုးသားညီလာခံက နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် “နိုင်ငံတော်”ဆိုသည့် စကားရပ်၏အဓိပ္ပာယ် ရှင်းလင်းဖွင့်ဆိုချက်၊ ကျင့်သုံးသောအာဏာပိုင်အဖွဲ့အစည်း သတ်မှတ်ချက် တို့သည် လျော်ကန်သင့်မြတ်ပါကြောင်း အကြံပြုတင်ပြအပ်ကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းစုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူ(၄၈)ချက်သည် လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြု တင်ပြအပ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ အခန်းတစ်ခန်းအဖြစ် ပါဝင်မည့် "တပ်မတော် အခန်း"အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်း အကြံပြုတင်ပြသွားမှာ ဖြစ်ကြောင်း။

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့မှာ ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက တပ်မတော်နှင့် စပ်လျဉ်းပြီး–

(က) တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။
(ခ) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။
(ဂ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင် တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်။
(ဃ) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။
(င) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲ ရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။
(စ) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်

ဟု အခြေခံရမည့်မူများ ချမှတ်ထားခဲ့ကြောင်း။

တိုင်းပြည်တစ်ပြည်၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ နိုင်ငံတော်တည်တံ့ရေးအတွက် ပြည်တွင်း၊ ပြည်ပရန်များ ကာကွယ်ရန်အတွက် အင်အားတောင့်တင်းသည့် အမျိုးသား တပ်မတော်ရှိရမှာ ဖြစ်ကြောင်း၊ ခေတ်အလျောက် ခေတ်မီ တိုးတက်သည့် စွမ်းရည်ပြည့်ဝသော တပ်မတော်ရှိသင့်ကြောင်းရှိရမှာ ဖြစ်ကြောင်း။

လက်ရှိဖွဲ့စည်း တည်ဆောက်လျက်ရှိသော နှပျိုခေတ်မီ တိုးတက်သည့်၊ ခေတ်မီ တောင့်တင်းသည့် တိုင်းပြည်၏ တပ်မတော်ကြီး ဖွဲ့စည်းတည်ဆောက်သည်မှာလည်း မှန်ကန်ကြောင်း၊ နိုင်ငံတော် တည်တံ့ရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား လူမျိုးစုအားလုံးနှင့် နယ်မြေဒေသအားလုံး ခေတ်မီ တိုးတက်ရေးအတွက် စီမံကိန်းချမှတ်၍ စီမံဆောင်ရွက်သည်မှာလည်း လိုအပ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အသက်သည် သက်ဆိုင်ရာ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တည်မှီနေပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်မည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကိုကာကွယ်စောင့်ရှောက်ရန် အခြေခံ ရေးဆွဲထားသည့် ဥပဒေဖြစ်ကြောင်း၊ ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိပါးဖျက်ဆီးစေမည့် အန္တရာယ်များ၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများကို လည်းကောင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာ ကိုလည်းကောင်း ထိခိုက်သော အန္တရာယ်များကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန် အင်အားတောင့်တင်းပြီး ခေတ်မီသည့် မျိုးချစ်ပြည်သူ့တပ်မတော် တည်ဆောက်ရမှာ ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်း ပြောကြားသော တပ်မတော် အခန်းနှင့် စပ်လျဉ်းသည့် အသေးစိတ် အခြေခံရမည့်မူ (၁၄) ချက်အနက်မှ အမှတ်စဉ် (၂) ဖြစ်သည့် 'တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိက တာဝန်ရှိသည်'ဆိုသည့် အခြေခံရမည့်မူကို အနည်းငယ် အကြံပြုလိုကြောင်း။

တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည့် အားလျော်စွာ လွတ်လပ်ရေးရရှိရေးအတွက် သွေးသွေးများစွာ ကျခံပြီး စွန့်စားတိုက်ခိုက်သော တော်လှန်ရေးမှ ပေါက်ဖွားသော တပ်မတော် ဖြစ်သည့် အားလျော်စွာ လွတ်လပ်ရေးထပ်မံလက်လွတ်ဆုံးရှုံးမှုမရှိစေရန်ကိုလည်း ဆက်လက်ထိန်းသိမ်းရမည့် တာဝန်ရှိမှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းကောက်နုတ်စုစည်းတင်ပြချက် အမှတ်စဉ်(၂) ဖြစ်သည့် တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူအဖြစ် ဖော်ပြထားသည့် 'တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်'အစား 'တပ်မတော်သည် လွတ်လပ်ရေးထိန်းသိမ်းရန်နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်'ဟု ဖြည့်စွက်ပြဋ္ဌာန်းပါက ပိုမိုပြည့်စုံဆီလျော်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်း စုစည်းတင်ပြသည့် တပ်မတော်အခန်းနှင့် စပ်လျဉ်းသည့် အသေးစိတ်အခြေခံရမည့်မူအမှတ်စဉ် (၅)ကိုလည်းအနည်းငယ်ထပ်မံဖြည့်စွက်ပြီးအကြံပြုလိုကြောင်း။

တပ်မတော်သည် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် စီမံဆောင်ရွက်သည့်နေရာတွင် ပြည်သူအများနှင့် တိုက်ရိုက်ထိတွေ့ဆက်စပ်ပြီး လက်တွေ့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် ပိုမိုလွယ်ကူထိရောက်မှုရှိစေရေးအတွက် တပ်မတော်တစ်ဖွဲ့တည်းဦးဆောင်စီမံဆောင်ရွက်သွားသည်ထက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘာထားကိုရယူပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားပါက ပိုမိုအဆင်ပြေချောမွေ့အောင်မြင်မှုရရှိစေမည်ဖြစ်ပါသဖြင့် စုစည်းချက်အပိုဒ် (၅)ဖြစ်သည့် 'တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်' ဆိုသည့် အသေးစိတ် အခြေခံမူချမှတ်မည့်အစား 'တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်'ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖြည့်စွက်ပြဋ္ဌာန်းပါက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း အကြံပြုတင်ပြအပ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်အခန်းအတွက် မိမိတို့ ဖြည့်စွက်အကြံပြုသည့်အချက် နှစ်ချက်အား လိုအပ်ပါက ဖြည့်စွက်အသုံးပြုရန်နှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းစုစည်းချက် (၁၄)ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ဆွေးနွေးအကြံပြုကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ ။

မဟာပဋ္ဌာန်းပူဇော်ပွဲနှင့် ပန္နက်တင်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၅၅)ရပ်ကွက် ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တခေမာသာရ(ပဓာန)၏ သဒ္ဓမ္မဝံသ မြေငူကျောင်းတိုက်၌ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် နှစ်ထပ်တိုက် ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာကို ဖေဖော်ဝါရီ၂ရက် (ကြာသပတေးနေ့)နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ပူဇော်ပွဲ၌ သန်လျင်မြို့ စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် ကျိုက်ဒေးယျုံ အရှင်ဥတ္တရ ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက အလိုတော်ပြည့်ကမ္မဋ္ဌာနာစရိယ အရှင်သူမြတ်က တရားဟောကြားမည်ဖြစ်ရာ ပါရမီရှင် စေတနာရှင်အလှူရှင်များအား ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

ကျေးရွာစာကြည့်တိုက်သို့ ရုပ်မြင်သံကြားဖမ်းစက်လှူ

ရန်ကုန် ဇန်နဝါရီ ၂၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန် အရှေ့ပိုင်းခရိုင်ရုံး (သဃ်န်းကျွန်း)မှ ကြီးမှူးလျက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးညွန့်လှိုင်က လှူဒါန်းပစ္စည်းများ လက်ခံရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အလှူရှင်များကလှူဒါန်းသည့် ငွေကျပ် ၆၀၇၁၈၀ တန်ဖိုးရှိ ရုပ်မြင်သံကြားဖမ်းစက်သုံးလုံး၊ ရေဒီယို ၄၄ လုံးနှင့် စာအုပ် ၁၇၁၁ အုပ်တို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က လက်ခံပြီး(အပေါ်ပုံ) အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၂၅

တောင်ဥက္ကလာပမြို့နယ်(၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ နေဖြူတိုက်သစ်ကျောင်း၌ အကြိမ်(၂၀)မြောက်ဝိပဿနာခုနစ်ရက်တရားစခန်းကို ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန(သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ဖေဖော်ဝါရီ ၃ ရက် ညနေ ၆ နာရီ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

သုံးခွမြို့နယ်ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် တတိယအကြိမ် ဓမ္မသဘင်ကို မြို့လယ် ရှစ်မျက်နှာစေတီတော်ရင်ပြင်တွင် ဇန်နဝါရီ ၂၆ရက်၌ ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ ဝိနယပါရဂူ၊ ၂၇ရက်၌ အရှင်ကောသလ္လ(ဓမ္မစေတီ)ဆရာတော်၊ ၂၈ ရက်၌ အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ(သီတဂူဗုဒ္ဓတက္ကသိုလ်)သကျသီဟဓမ္မာစရိယ ဓမ္မကထိကဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ ဓမ္မသဘင် အထူးတရားပွဲကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (၁၃၇)

ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပို လေးမျက်နှာ ပူးတွဲပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ ဇန်နဝါရီ ၂၄ ရက်က ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးမောင်ပိန်(ခေါ်) ဦးခင်မောင်သိဏ်းနှင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရဲတို့ ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်းများ အချပ်ပိုလေးမျက်နှာ ပူးတွဲပါရှိပါသည်။ (မြန်မာ့အလင်း)

ဇန်နဝါရီ၂၀ ရက်က မင်္ဂလာဒုံ အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသဇင်က ဒုတိယတန်းတွင် ပထမရရှိသူ မယဉ်မင်းအောင်အား ဆုချီးမြှင့်စဉ်။ (က–ပ)

စီးပွား/ ကူးသန်း ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း ကြက်ဆူဆီဖြင့်မီးဖိုစမ်းသပ်တီထွင်မှု ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်အထက် ပုဇွန်တောင်လမ်းရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးအင်ဂျင်နီယာဌာန၌ ကြက်ဆူဆီဖြင့် အောက်လင်းဓာတ်မီး၊လေမီးဖိုနှင့် မီးဖိုအမျိုးမျိုးတို့တွင် ထည့်သွင်းစမ်းသပ်နေမှုကိုလည်းကောင်း၊ကျေးလက်သုံးကြက်ဆူဆီမီးဖိုတီထွင်စမ်းသပ်အသုံးပြုနေမှုကိုလည်းကောင်း၊ ကျေးလက်သုံးကြက်ဆူဆီမီးခွက်အမျိုးမျိုး၊ ကြက်ဆူဆီပေါ် မီးစာမီးခွက်အမျိုးမျိုးနှင့် ကြက်ဆူဆီကြိတ်ကိရိယာစမ်းသပ်နေမှုကိုလည်းကောင်း၊ ခြေနင်း ရေတင်စက်တီထွင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဝန်ကြီးက လေ့လာစမ်းသပ်မှုများ ဆက်လက် ပြုလုပ်သွားရန်နှင့် အများပြည်သူသို့ လျင်လျင်မြန်မြန် အသုံးပြုနိုင်ရေး ပညာပေးဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ မြို့ရွာစည်ပင်ဖွံ့ဖြိုးမှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် မြို့ရွာများ စည်ပင်ဖွံ့ဖြိုးတိုးတက်

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာ

တပ်မတော်အစိုးရသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခြေခံလျက် နယ်စပ်ဒေသများသာမက မြို့ပြနှင့် ကျေးလက်ဒေသများ အပါအဝင် ပြည်နယ်နှင့်တိုင်း အားလုံး ဘက်ပေါင်းစုံ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးနေသဖြင့် ယခင်ခေတ်များနှင့်မတူ တစ်မူထူးခြားစွာ ပြောင်းလဲတိုးတက်နေမှုများကို မျက်ဝါးထင်ထင်မြင်တွေ့နေရပေသည်။

ဖော်ဆောင်ပေးလျက်ရှိ

ယင်းသို့ ပြောင်းလဲတိုးတက်ရာတွင် တိုင်းရင်းသားပြည်သူများ၏ လူနေမှု အဆင့်အတန်း အဆင့်ဆင့်တက်လှမ်းနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မြို့ပြများစည်ပင်လျက် ကျေးလက်များဖွံ့ဖြိုးတိုးတက်လာပေသည်။ မြို့ပြ တံတားနှင့်ကျေးလက်တံတားများ ပိုမိုရှည်လျားထိစပ်ပြီး တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဖော်ဆောင်ပေးလျက်ရှိသည်။

လေးအိမ်စု၊ ငါးအိမ်စု၊ ခုနစ်အိမ်တန်း၊ ရှစ်အိမ်တန်းမှသည် စံပြကျေးရွာများ ဖြစ်အောင် ထူထောင်ပေးနိုင်ခဲ့သည်။ ဆည်မြောင်းတာတမံများ၊ မြစ်ရေတင် စီမံကိန်းများနှင့် အလှမ်းဝေးသည့်ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေ မရှားပါးစေရန် အပူပိုင်းဒေသရှိ ကျေးရွာများတွင် ရေရရှိရေး စီမံကိန်းများကို တိုးချဲ့ဖော်ဆောင်ပေးလျက်ရှိသည်။

ကဏ္ဍအလိုက်ဆောင်ရွက်ပေး

ကျေးလက် လမ်းများကိုလည်း မြေလမ်း၊ ဂဝံလမ်း၊ ကျောက်ချောလမ်း၊ ကတ္တရာလမ်းများအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိသည်။ ကျေးရွာရှိ အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးပြီး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်အောင် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသများ စီးပွားရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရန် ကဏ္ဍအလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အစိုးရ လက်ထက်တွင် မြို့ပြများသာမက ကျေးလက်ဒေသများ စည်ပင်ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည့် လမ်းများ၊ တံတားများ၊ ရေရရှိရေးလုပ်ငန်းများနှင့် ကျေးလက်အိမ်ရာများ တိုးတက်ဖြစ်ထွန်းလာမှုကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာတွေ့ရှိရမည်ဖြစ်ပေသည်။

အပူပိုင်းဒေသရှိ ကျေးရွာများတွင် ရေရရှိရေး စီမံကိန်းများကို တိုးချဲ့ဖော်ဆောင်ပေးလျက်ရှိရာ ညောင်ဦးမြို့နယ် ညောင်ပင်ကန်ကျေးရွာ၌ စက်ရေတွင်းမှ သောက်သုံးရေများကို ဒေသခံပြည်သူများ သယ်ယူသုံးစွဲနေသည်ကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှု

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	**ကျေးလက်လမ်းများ (မိုင်)**	၃၉၄၀	၂၃၇၉၉	၁၉၈၅၉
	– ကတ္တရာလမ်း(မိုင်)	၂၉၅	၁၁၈၂	၈၈၇
	– ကျောက်ခင်းလမ်း(မိုင်)	၈၂၂	၃၉၅၇	၃၁၃၅
	– ဂဝံလမ်း(မိုင်)	၇၃၀	၁၆၈၉	၉၅၉
	– မြေလမ်း(မိုင်)	၂၀၉၂	၁၇၀၇၀	၁၄၉၇၈
၂	အသစ်ထပ်မံတည်ဆောက်သည့် ကျေးလက်တံတားများ	–	၆၃၂၄	၆၃၂၄
၃	**ကျေးလက်ရေရရှိရေး**			
	– ဆောင်ရွက်ပြီးကျေးရွာ	–	၁၄၅၄၀	၁၄၅၄၀
	– ပြီးစီးသည့်လုပ်ငန်း	–	၂၀၉၀၄	၂၀၉၀၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးထံသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင်ကျရောက်သည့် ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာအလက်ဇန္ဒားဒေါင်နာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၆၄ သံလွင်လမ်းနေ ကွယ်လွန်သူ အဘိုးပန်းတနော်အေးမောင်နှင့်အဘွား ဒေါ်ခင်စိန်တို့အား ရည်စူး၍ မိခင်ကြီးဒေါက်တာဒေါ်လှလှမြိုင်အားအမှူးထားလျက် ကိုကျော်ကျော်သန့်–မအိအိခင် မိသားစုတို့က စတုတ္ထအကြိမ် အလှူငွေ ကျပ်ဆယ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကြီးဘုန်းမြင့်(ငြိမ်း)ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပြစ်မှုဆိုင်ရာကိစ္စများ နိုင်ငံအချင်းချင်းကူညီရေး ဗဟိုအာဏာပိုင်အဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဗဟိုအာဏာပိုင်အဖွဲ့ (၁/၂၀၀၆) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ဗဟိုအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ဗဟိုအာဏာပိုင်အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့်ရဲအရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူ စာချုပ်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးမှုနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၁) ဒဂုံ ပညာရေးမိသားစု အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၏ အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီခွဲတွင် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုဝန်ထမ်း ဦးစီးဌာန လက် ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်က အမှာစကား ပြောကြားပြီး အလှူငွေများပေးအပ်ရာ လူမှုဝန်ထမ်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

အထက(၁) ဒဂုံ ပညာရေး မိသားစု၏ အလှူငွေ ကျပ်ငါးသိန်းကို မေရီချက်မင်း(ဒဂုံမြို့နယ်)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၊ ကန်တော်ကလေးသီလရှင်လေးများ၏ ဘိုးဘွားရိပ်သာ၊ ရွှေဂုံတိုင်ကလေးပြုစုရေးနှင့် ပရဟိတကျားကျောင်းတို့သို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဇန်နဝါရီ ၂၂ရက်က လှိုင်မြို့နယ် မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုပေးပွဲကို အထက(၁) လှိုင်၌ ကျင်းပရာ စတုတ္ထတန်းတွင် မြို့နယ်အဆင့် ဘာသာစုံ ပထမ၊ အင်္ဂလိပ်စာ ထူးချွန်ပထမဆုရ အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်းမှ မောင်ရန်မျိုးအောင်အား မြို့နယ် ပညာရေးမှူး ဒေါ်မြင့်ရီက ဆုချီးမြှင့်စဉ်။(က–ပ)

သုံးထပ်ဓမ္မာရုံသစ်ပြန်လည်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ သုံးထပ်ဓမ္မာရုံသစ်ကြီး ပြန်လည်တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ဓမ္မာရုံဟောင်း၌ ဇန်နဝါရီ ၂၂ရက်နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် ဘဒ္ဒန္တ စန္ဒောဘာသ (မေတ္တာဝါဒီဆရာတော်)က အလှူငွေကျပ်၉၀၀၀၀၀၊ ဒုတိယဗိုလ်မှူးကြီး ညွန့်ရင်(ငြိမ်း)–(ဒေါ်ထားရီ) မိသားစုက ငွေကျပ် ၁၁၀၀၀၀၀၊ ဥက္ကဋ္ဌ ဦးတင် ရွှေ(သီဟသုဓမ္မ မဏိဇောတဓရ)–ဒေါ်ကြည်ကြည်မိသားစုက အလှူငွေကျပ် ၃၀၀၀၀၀၀၊ ဦးကိုကိုအေး –ဒေါ်သီသီနိုင်(ဆင်မင်းဆပ်ပြာစက်မိသားစု)က အလှူငွေကျပ် ၄၅၀၀၀၀၀၊ ဦးလှတင်မိသားစု(ဘောဂစတိုး)က အလှူငွေကျပ် ၃၀၀၀၀၀၀၊ ဦးဆန်းအောင်အားရည်စူး၍ ဒေါ်သန်းရင်မိသားစုက အလှူငွေ ကျပ်၁၁၀၀၀၀၀၊ ဦးကိုကိုလေး–ဒေါ်သက်သက်လှိုင် မိသားစုက အလှူငွေကျပ် ၁၀၅၂၀၀၀၊ ဦးသောင်းကြည်–ဒေါ်မြင့်ကြည်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀၀၊ ဒေါ်အုန်းအုန်းမြတ်(ထွန်းရတနာမိသားစု)က အလှူငွေကျပ် ၅၀၀၀၀၀နှင့် အလှူရှင် ၆၀ တို့က စုစုပေါင်းအလှူငွေကျပ် ၃၃၅၄၀၀၀၀ကိုပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူကြသည်။

အဆိုပါ သုံးထပ်ဓမ္မာရုံကြီးတည်ဆောက်နိုင်ရေးအတွက် လှူဒါန်းလိုသူများသည် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး အလှူခံဌာန အမှတ် ၁၄၂/၁၄၄၊ ဦးချစ်မောင်လမ်း ဗဟန်းမြို့နယ် နာယက ဦးညွန့်ရင်(ဒုတိယဗိုလ်မှူးကြီး၊ ငြိမ်း) ဖုန်း–၅၅၆၀၈၁၊ ဥက္ကဋ္ဌ ဦးတင်ရွှေ (သီဟသုဓမ္မမဏိဇောတဓရ) ဖုန်း–၀၉–၅၁၀–၅၄၀၀၊ ၅၄၁၈၇၄နှင့် ဦးကိုကိုအေး(အကျိုးတော်ဆောင်) ဖုန်း–၀၉–၉၉–၂၅၀၀၁တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(မြန်မာ့အလင်း)**

မကွေးမြို့နယ် သပြေစမ်းကျေးရွာ စန်းသော်တာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ဒေသခံကျေးရွာပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုအခြေအနေကို ဇန်နဝါရီ ၈ ရက်က မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ကြည့်ရှုအားပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များရှင်းလင်း ကြက်ဆူဆီဖြင့် သံတွဲမြို့၌လက်တွန်းထွန်စက်စမ်းသပ်မောင်းနှင်ပြသ

သံတွဲ ဇန်နဝါရီ ၁၃

သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ပွဲနှင့် စက်သုံးဆီအစားထိုးကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၈ နာရီက သံတွဲမြို့ မြနန္ဒာပျိုးဥယျာဉ်၌ ကျင်းပသည်။

အခမ်းအနားတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး လှတင့်က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးဆိုင်ရာများ ရှင်းလင်းမှာကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ခင်က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းတင်ပြကာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးကျော်မြင့်က ကြက်ဆူစေ့မှ စက်သုံးဆီအစားထိုး ကြက်ဆူဆီ(ဘိုင်အိုဒီဇယ်) ထုတ်လုပ်မှုနှင့် စွမ်းဆောင်မှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခြံစည်းရိုးကြက်ဆူပင် ထုတ်လုပ်ထားသည့် စက်သုံးဆီအစားထိုးကြက်ဆူဆီဖြင့် လယ်ယာလုပ်ငန်းခွင်သုံး လယ်ယာ-၁၆ လက်တွန်းထွန်စက် စမ်းသပ်မောင်းနှင်ပြသသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး လှတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အစေ့ဖြင့်ပျိုးထောင်ခြင်းနှင့် ကိုင်းဖြင့်ပျိုးထောင်ခြင်းများကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ခြံစည်းရိုးကြက်ဆူ ပျိုးထောင်စိုက်ပျိုးပွဲ ဘိုကလေး၌ ကျင်းပ

ဘိုကလေး ဇန်နဝါရီ ၁၈

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ခြံစည်းရိုးကြက်ဆူပျိုးထောင်စိုက်ပျိုးပွဲနှင့် မျိုးစေ့ချပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက်က မြနဒီဆိပ်ကမ်း စိုက်ပျိုးရေးပျိုးခင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးငွေထွန်းဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်အဖွဲ့ဝင်(၁) မြို့နယ်မှူး ကိုကိုနိုင်၊ အဖွဲ့ဝင်(၂)ဦးမြင့်ဌေးတို့ တက်ရောက်ပြီး ကြက်ဆူပင် ပျိုးကိုင်းစိုက်ပျိုးခြင်းနှင့် မျိုးစေ့ချခြင်းလုပ်ငန်းများကို ပါဝင်ဆောင်ရွက်ကြသည်။ **(ယာပုံ)**

ထို့နောက် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့များက ကြက်ဆူပင်ပျိုးကိုင်း တိုက်ရိုက်စိုက်ပျိုးခြင်း အပင် ၁၇၀၊ ပျိုးကိုင်းဖြင့် ပျိုးထောင်ခြင်းအပင် ၉၁၃၀နှင့် ကြက်ဆူမျိုးစေ့ ၁၄၂၀၀တို့ကို ဆောင်ရွက်ကြရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးနိုင်လင်းက ကြက်ဆူပင်အောင်မြင်စွာစိုက်ပျိုးရေးအတွက် နည်းစနစ်များ ရှင်းလင်းပြသခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန့်ဘလူ ကျွန်းရွှေဝါနှင့် ထပ်ဆင့်လွှင့်ရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကန့်ဘလူ ဇန်နဝါရီ ၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကန့်ဘလူမြို့ ကျွန်းရွှေဝါနှင့် ထပ်ဆင့်လွှင့်ရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးစိုးဝင်း၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးညီညီဝင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညီညီဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)



ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်အဖွဲ့ ဇန်နဝါရီ ၆ ရက်က ပေါက်တော-လက်ဝဲပြား ကျေးလက်ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ရန် ပေါက်တော မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စုဆောင်းထားရှိသည့် လမ်းခင်း ကျောက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

မင်းတပ်မြို့ဝင်လမ်း ချုံနွယ်များရှင်းလင်း

မင်းတပ် ဇန်နဝါရီ ၈

မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ရာ ဒီဇင်ဘာ ၂၄ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်ဆွေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

တောင်တွင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ရေးအတွက် ခြံစည်းရိုးကြက်ဆူပင်များကို အဖွဲ့ပိုင်မြေလွတ်မြေရိုင်းများ၌ စိုက်ပျိုးနိုင်ရေးအတွက် စီမံချက် ချမှတ်ဆောင်ရွက် လျက်ရှိရာ ဇန်နဝါရီ ၁၃ ရက်က ကုက္ကိုခွကျေးရွာ စိုက်ခင်းတွင် ခြံစည်းရိုး ကြက်ဆူပင် ၁၂၀၀ ကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ် စည်ပင်)

ကျိုက်ခါးမြို့၌ ကျေးရွာနေပြည်သူများနှင့်တွေ့ဆုံပွဲကျင်းပ

ဟားခါး ဇန်နဝါရီ ၆

ဟားခါးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်သည် ကျီခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ထွန်းမြတ်၊ ကျီခါးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျစ်ဇာခမ်တို့နှင့်အတူ ဒီဇင်ဘာ ၂၉ ရက် ညဂနာရီက ကျီခါးမြို့ခေါဒန်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဒန်ခင်းမန်၏ နေအိမ်၌ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပသည်။

ထို့နောက် ကျီခါးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက ကျီခါးမြို့အနေဖြင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်ရေးကို ဆွေးနွေးပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝရေး၊ ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပေးရသည့်ရည်ရွယ်ချက်များနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် ဒေသခံပြည်သူများ ပါဝင်ကူညီဆောင်ရွက်ပေးရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စခန်းမှူးရဲအုပ်ထွန်းမြတ်က နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားပြီး အားမာန်သစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို ကြည့်ရှုအားပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့ရိုးရာ မုန့်လုပ်နည်း သင်တန်းဖွင့်

မန္တလေး ဇန်နဝါရီ ၂၀

ချမ်းအေးသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်းကျင်းပသော မြန်မာ့ရိုးရာမုန့်လုပ်နည်းသင်တန်းကို ဇန်နဝါရီ ၁၅ရက်က အဆိုပါအသင်းရုံးအဖွဲ့တွင်ကျင်းပသည်။ ယင်းသင်တန်းသို့မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်နှင့် အမှုဆောင်များ၊ရပ်ကွက်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများမှ အသင်းဝင်များ တက်ရောက်ကြသည်။ ထိုသင်တန်းတွင် ဂျယ်ရီပူတင်း၊ငှက်ပျောပူတင်း၊ အာလူး ဆနွင်းမကင်းနှင့် လမုန့်ပြုလုပ်နည်းများကို သင်ကြားပို့ချပြီး သင်တန်းဖြစ်မြောက်ရေးအတွက် မော်မော်စန်း ထိုးမုန့်လုပ်ငန်းရှင် သီဟသုခမ္မသိင်္ဂီ ဒေါ်မေသက်မော်နှင့်သားဦးညီညီနိုင်တို့က ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။ **(အောက်ပုံ) (၁၁၃)**

မိုင်းဖြတ်မြို့နယ် ပါပူးစံပြကျေးရွာ၌ ဘေလီတံတားသစ်ဖွင့်

မိုင်းဖြတ် ဇန်နဝါရီ ၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုင်းဖြတ်မြို့နယ် ပါပူးကျေးရွာတွင် တစ်လွှာတစ်ထပ် ဘေလီတံတားသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က ပါပူးစံပြကျေးရွာ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်တာဝန်ခံ အမှုဆောင်အရာရှိ ဦးကိုကိုက တံတားတည်ဆောက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဘေလီတံတားသစ်ကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် ခရိုင်တာဝန်ခံ အမှုဆောင်အရာရှိ ဦးကိုကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

အဆိုပါ တံတားမှာ အရှည်ပေ ၂၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၀ပေ ရှိပြီး ငွေကျပ် ၂၂၉၀၀၀၀ဖြင့် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အုတ်ခုံခံသစ်သားတံတား

ထီးချိုင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းနိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်နိုင်ဦးတို့ ထီးချိုင့်–ကသာလမ်း(ထီးချိုင့်အပိုင်း)တွင် ဆောင်ရွက်လျက်ရှိသော အုတ်ခုံခံ သစ်သားတံတားကို ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်ငူ မိခင်/ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး ထူးချွန်ဆုရ ရပ်ကွက်အသင်းခွဲများ ဆုချီးမြှင့်

တောင်ငူ ဇန်နဝါရီ ၁၅

တောင်ငူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ၂၃ ရပ်ကွက်တို့မှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထူးချွန်ဆုရရှိကြသည့် ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် တောင်ငူခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သိန်းရီက အမှာစကားပြောကြားသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်အသင်းခွဲများမှ အမှုဆောင်များ၊ အသင်းသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ချီးမြှင့်

ထို့နောက် ပထမဆုရ (၃)ရပ်ကွက်အသင်း၊ ဒုတိယဆုရ (၁၆)ရပ်ကွက်အသင်းနှင့် တတိယဆုရ (၁၂)ရပ်ကွက်အသင်းအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ **(၃၀၃)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်မွန်ကွန်ဒိုနေ ဗိုလ်မှူးချုပ်ထွေးဝင်းအား ရည်စူး၍ မိခင် ဒေါ်ခင်မေနှင့် ဇနီးဒေါ်လှလှဝေမိသားစုတို့က အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ကလေးပြပွဲ၊ ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ ဖြူးမြို့၌ ကျင်းပ

ဖြူး ဇန်နဝါရီ ၁၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ၊ အားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖြူးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမတွင် ဒီဇင်ဘာ ၂၃ရက်က ကျင်းပသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် အလှူရှင် ဂိုးလ်ပါဝါကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေက အမှာစကားပြောကြားပြီး ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)** **(၂၈၄)**

မြန်မာ့အသံ

၂၇–၁–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပြည်ပသွင်းကုန်အစားထိုး အသားအရေထိန်း ဆေးဆပ်ပြာမွှေးအကြောင်း)

၁၁း၃၅ သုတကမ္ဘာ

၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဟင်းနုနယ်ပင်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ပိုက်ကိုတိုးသောယုန်)

ညနေပိုင်း

၁၇း၃၀ အဘိုးအဘွားအလေးထား (စာရေးဆရာ၊ သတင်းစာဆရာကြီး–သာဂဒိုးနှင့် ဆွေးနွေးခန်း)

၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈း၂၀ ကျေးလက်ဇာတ်လမ်း (ဘက်စုံအကျိုးရစေဖို့)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (ခေတ်မီနှလုံးကျန်းမာရေးစစ်ဆေးနည်းကိရိယာများ) (မောင်ဆုရှင်)

၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (ဥက္ကလာတေး–ကာလပေါ်အဖွဲ့)

မြဝတီမြို့အမှတ်(၁)ရပ်ကွက် စွယ်တော်လမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းရန်အတွက် ဒီဇင်ဘာ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်သန်း ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ်လုံးကျွတ် ရပ်ကွက်နှင့်ကျေးရွာ စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး

မော်လမြိုင် ဇန်နဝါရီ ၁၆

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ရပ်ကွက်နှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှု ဇန်နဝါရီ ၁၆ ရက်အထိ မော်လမြိုင်ခရိုင်တွင် ဖွင့်လှစ်ပြီး ရပ်ကွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့် တိုက်ဖွင့်လှစ်ပြီးစီးမှုမှာ မော်လမြိုင် မြို့နယ်တွင် ရပ်ကွက်စာကြည့်တိုက် ၂၂တိုက်၊ ကျေးရွာစာကြည့်တိုက် ၄၈ တိုက်၊ ချောင်းဆုံမြို့နယ်တွင် ရပ်ကွက် စာကြည့်တိုက် လေးတိုက်၊ ကျေးရွာ စာကြည့်တိုက် ၇၈ တိုက်၊ ကျိုက်မရောမြို့နယ်တွင်ရပ်ကွက် စာကြည့်တိုက် နှစ်တိုက်၊ ကျေးရွာစာကြည့်တိုက် ၁၆၇ တိုက်၊ မုဒုံမြို့နယ်တွင် ရပ်ကွက်စာကြည့် တိုက် လေးတိုက်၊ ကျေးရွာစာကြည့်တိုက် ၅၅ တိုက်၊ သံဖြူဇရပ်မြို့နယ်၌ ရပ်ကွက်စာကြည့်တိုက်၁၅တိုက်၊ ကျေးရွာ စာကြည့်တိုက်၆၈တိုက်၊ ရေးမြို့နယ်တွင် ရပ်ကွက်စာကြည့်တိုက် ၁၀ တိုက်၊ ကျေးရွာစာကြည့်တိုက် ၆၉ တိုက်၊ လမိုင်းမြို့တွင် ရပ်ကွက်စာကြည့် တိုက်သုံးတိုက်၊ ကျေးရွာစာကြည့်တိုက် ၅၂ တိုက်၊ ခေါဇာမြို့တွင် ရပ်ကွက်စာကြည့်တိုက် နှစ်တိုက်၊ ကျေးရွာ စာကြည့်တိုက် ၂၂ တိုက် စုစုပေါင်း ရပ်ကွက်စာကြည့်တိုက် ၂၂ တိုက်နှင့် ကျေးရွာစာကြည့်တိုက် ၅၅၉တိုက် တို့ကို ဖွင့်လှစ်ပေးခဲ့သည်။

သထုံခရိုင်၌ ရပ်ကွက်နှင့်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် လှစ်ပြီးစီးမှုမှာ သထုံမြို့နယ်တွင် ရပ်ကွက်စာကြည့်တိုက် ငါးတိုက်၊ ကျေးရွာ စာကြည့်တိုက် ၁၉၅ တိုက်၊ ကျိုက်ထို မြို့နယ်တွင် ရပ်ကွက်စာကြည့်တိုက် ခြောက်တိုက်၊ ကျေးရွာစာကြည့်တိုက် ၇၅တိုက်၊ ဘီးလင်းမြို့နယ်တွင် ရပ်ကွက် စာကြည့်တိုက် ငါးတိုက်၊ ကျေးရွာစာကြည့်တိုက် ၂၀၈ တိုက်၊ ပေါင် မြို့နယ်တွင် ရပ်ကွက်စာကြည့်တိုက် လေးတိုက်၊ ကျေးရွာစာကြည့်တိုက် ၁၆၁ တိုက် စုစုပေါင်းရပ်ကွက် စာကြည့်တိုက် ၂၀ တိုက်၊ ကျေးရွာစာကြည့် တိုက်၆၃၉ တိုက်ကိုဖွင့်လှစ်ပေးခဲ့သည်။

မွန်ပြည်နယ်အတွင်း ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်လှစ်ပြီးစီးမှုမှာ ရပ်ကွက် စာကြည့်တိုက် ၈၂တိုက်၊ ကျေးရွာ စာကြည့်တိုက် ၁၁၉၈တိုက် စုစုပေါင်း ပြည်နယ်လုံးကျွတ်ကိုယ့်အား ကိုယ်ကိုး စာကြည့်ဖွင့်လှစ်ပြီးစီးမှုမှာ စာကြည့်တိုက် ၁၂၈၀တို့ဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကြံသုတေသနနှင့် မျိုးပွားခြံ မြေပြုပြင်မှု သရုပ်ပြ

ပျဉ်းမနား ဇန်နဝါရီ ၁၅

မြန်မာ့ကြံလုပ်ငန်း ကြံသုတေသနနှင့် မျိုးပွားခြံကကြီးမှူး၍ မြေလှန်ခွဲစက်ဖြင့် မြေပြုပြင်မှု သရုပ်ပြပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉နာရီက ကြံသုတေသနနှင့် မျိုးပွားခြံ ပျဉ်းမနားတွင် ကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲ၌ ခြံမန်နေဂျာ ဦးတင်မြင့်က မြေလှန်ခွဲ စက်အသုံးပြုပုံနှင့် အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြပြီး လက်တွေ့ သရုပ်ပြသည်။ အဆိုပါမြေလှန်ခွဲစက် အသုံးပြုခြင်း မြေပြုပြင်ရေး အပိုင်းတွင် ကြံသီးနှံအတွက် လိုအပ်သောအစိုဓာတ်နှင့် အာဟာရကိုရရှိပြီး အပင်ဖြစ်ထွန်းမှု၊ အပင်များ ကောင်းမွန်ကာ ပန်းတိုင်အထွက်နှုန်း၄၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဩစတြေးလျနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော ဩစတြေးလျနိုင်ငံ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂျွန်ဟားဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၂၆

၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သော အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၅၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်၏သဘာဝသယံဇာတများ ရေရှည်တည်တံ့ရေးဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းကာကွယ်ထိန်းသိမ်းပေးနေ နိုင်ငံသူ၊ နိုင်ငံသားများ စိတ်ချမ်းမြေ့စေရေး တိရစ္ဆာန်ဥယျာဉ်များ၊ အပန်းဖြေပန်းခြံများ တိုးတက်တည်ဆောက်ပေးသည့်အပြင် သမိုင်းကြောင်းရှည်လျားစွာတည်ရှိခဲ့သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို ဘက်စုံအဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)မှသည် နောင်ကမ္ဘာတည်သည့်တိုင် တည်တံ့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၂၅

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါတိရစ္ဆာန်ဥယျာဉ်မုခ်ဦးအနီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

ဇန်နဝါရီ ၂၅ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဇနီးတို့ ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Col Prissapa Suvanatat နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

26-1 (20).p65 1 3/27/1905, 9:44 PM

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြသည့် ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော မြို (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့မှ ဦးမောင်ပိန်(ခေါ်) ဦးခင်မောင်သိဏ်း၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ လေ့လာတွေ့ရှိချက်များကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၀ရက် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားရာတွင် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့်အခါ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို တိတိကျကျနှင့် ရှင်းရှင်းလင်းလင်း ဖော်ပြပါရှိရန်လိုအပ်ပါကြောင်း၊ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာဖတ်ရှုသည့်အခါတွင် နိုင်ငံသားဖြစ်ရန်အတွက် မည်သည့်အချက်အလက်များလိုအပ်ကြောင်း၊ နိုင်ငံသားများအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများသည် မိမိတို့အနေနှင့် နိုင်ငံတော်အတွက် မည်သည့်တာဝန်များကို ထမ်းဆောင်ကြရန် လိုမည်ဆိုသည်ကို ရှင်းလင်းလွယ်ကူစွာ တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါ နိုင်ငံအတော်များများ၌ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သီးခြားအခန်းတစ်ခန်း သတ်မှတ်ဖော်ပြထားရှိမှုနှင့် မိမိတို့နိုင်ငံ၏ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခေါင်းစဉ်ပြဋ္ဌာန်းထားရှိမှုကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ဆက်လက်ရှင်းလင်းပြောကြားရာတွင် မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေမှ ထည့်သွင်းပြဋ္ဌာန်းသည့်အခါ အဓိကအားဖြင့် နိုင်ငံသားဖြစ်ရန်လိုအပ်သည့် အရည်အချင်းများ၊ ဥပဒေအရာတွင် တန်းတူညီမျှမှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စည်းရုံးဟောပြောခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ မိမိယုံကြည်နှစ်သက်သည့် ဘာသာ၊ သာသနာကို လွတ်လပ်စွာ ကိုးကွယ်ဆည်းကပ်ခွင့်၊ မိမိနှစ်သက်မြတ်နိုးသော စာပေပညာနှင့် ယဉ်ကျေးမှုစသည်တို့ကို လွတ်လပ်စွာဖော်ထုတ်ဆောင်ရွက်ခွင့်၊ ဥပဒေပြုလွှတ်တော်များတွင် ရွေးကောက်တင်မြှောက်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံတော်ကခွင့်ပြုသော စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်၊ ပြစ်မှုများတွင် ဥပဒေသတ်မှတ်ချက်များနှင့်အညီသာ ချုပ်နှောင်စစ်ဆေးစီရင်ပိုင်ခွင့်၊ မိမိဆုံးရှုံးနစ်နာသည့် အခွင့်အရေးများအတွက် အကာအကွယ်ရယူပိုင်ခွင့် စသည်တို့သည် နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် မိမိတို့အမြဲဦးထိပ်ပန်ဆင်ကြရမည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိပါးစေမှု မရှိစေရန်ဖြစ်ပါကြောင်း။ မိမိတို့နိုင်ငံတော်တွင် သမိုင်းမတင်မီခေတ်ကတည်းကပင် တိုင်းရင်းသားအားလုံးသည် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်ခဲ့ကြပြီး ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့နေထိုင်ကြရင်း တစ်နိုင်ငံလုံး နေရာဒေသတိုင်း၌ အတူတကွ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရောနှောလျက် အခြေချနေထိုင်ခဲ့ကြသည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများသည် သဘောသဘာဝအားဖြင့် တူညီသည့် ဝိသေသလက္ခဏာများရှိကြသကဲ့သို့ ကွဲပြားမှုများလည်း အထိုက်အလျောက်ရှိကြကြောင်း၊ ထို့အပြင် သူတို့ချစ်မြတ်နိုးသည့် အနုပညာများသာမက အချို့တိုင်းရင်းသား မျိုးနွယ်စုများတွင် စာပေများရှိကြကြောင်းကိုလည်းကောင်း ပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရယူကျင့်သုံးပိုင်ခွင့်ရှိသည့် မူလအခွင့်အရေးများကို ရယူကျင့်သုံးကြသည့်အခါ ပြည်သူများအနေဖြင့် တိုင်းရင်းသားမျိုးနွယ်စုအချင်းချင်း၊ စည်းလုံးညီညွတ်မှု မထိခိုက်၊ မပျက်ပြားစေရအောင်နှင့် တိုင်းရင်းသားမျိုးနွယ်စုတစ်ခု၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ အနုပညာစာပေစသည်တို့ကိုလည်း အခြားတိုင်းရင်းသားမျိုးနွယ်စုများက ထိပါးမှုမဖြစ်စေရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်းကိုလည်းကောင်း။

မူလအခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားကာမျှနှင့် အသက်ဝင်လာမည်ဟု မဆိုနိုင်ကြောင်း၊ ဤအခွင့်အရေးများကို ပြည်သူများက သိရှိနားလည်ကြပြီး မှန်မှန်ကန်ကန် ရယူသုံးစွဲကြခြင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေက မိမိတို့ကိုပေးထားသည့် မူလအခွင့်အရေးများကို ထိပါးလာခဲ့လျှင် တရားနည်းလမ်းများနှင့်အညီ အကာအကွယ်ရယူတတ်ခြင်းဖြင့် အသက်သွင်းပေးရမည်ဖြစ်ပါကြောင်း ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသည့် မူလအခွင့်အရေးများကို ထိပါးလာခဲ့လျှင် တရားနည်းလမ်းများနှင့်အညီ အကာအကွယ်ရယူခြင်းမပြုကြဘဲ တရားလက်လွတ် အကြမ်းဖက်နည်းလမ်းများကို ကျင့်သုံးကြမယ်ဆိုလျှင် မူလအခွင့်အရေးများ ဆုံးပါးပျောက်ကွယ်သွားမည်သာဖြစ်ကြောင်း၊ မူလအခွင့်အရေးများကို တရားနည်းလမ်းကျနစွာ ကျင့်သုံးရန်လိုအပ်ကြောင်းကိုလည်းကောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားခဲ့မှုများကို မိမိတို့အနေဖြင့် ကောင်းစွာလေ့လာမှုပြုခဲ့ပါကြောင်း။

ယင်းသို့ လေ့လာမှုပြုသည့်အခါတွင် နိုင်ငံသားများ၏မူလအခွင့်အရေးတစ်ရပ်ဖြစ်သည့် "နိုင်ငံသားဖြစ်မှုနဲ့စပ်လျဉ်းပြီး" အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရနိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှရပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်"ဟူ၍ ချမှတ်ခြင်းသည် ပြီးခဲ့သည့်ညီလာခံကချမှတ်ခဲ့ပြီးဖြစ်၍ ပြည့်ပြည့်စုံစုံဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အလားတူပြဋ္ဌာန်းချက်ပါရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်းဖြင့် ရှင်းလင်းပြောကြားသွားပါကြောင်း၊ နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားများဖြစ်သည်

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ၊

နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည် ဆိုသည့် အခြေခံရမည့်မူကို နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်မသင့် အကြံပြုဆွေးနွေးကြရန် ရှင်းလင်းပြောကြားခဲ့မှုကို တွေ့ရပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဆက်လက်လေ့လာရာတွင် ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးစသည်များသည် လောကပါလတရားများဖြစ်ကြပါကြောင်း၊ တစ်နည်းအားဖြင့်ဆိုရလျှင် ဤအင်္ဂါရပ်များသည် စစ်မှန်သည့်ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပြည်သူများခံစားခွင့်ရှိသင့်သည့် ဒီမိုကရေစီအခွင့်အရေးများလည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမဆို လူမျိုးဇာတိအရဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအရဖြစ်စေ၊ ရာထူးအဆင့်အတန်းယဉ်ကျေးမှုအရဖြစ်စေ၊ အမျိုးသမီး၊ အမျိုးသား၊ ဆင်းရဲချမ်းသာ အတန်းအစားမခွဲခြား တူညီသည့်အခွင့်အရေးပေးစေသင့်ကြောင်း၊ နိုင်ငံသားတိုင်း တန်းတူညီမျှမှုအခွင့်အရေးရှိစေရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ လွတ်လပ်မှုအခွင့်အရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကျေးကျွန်ပြုခြင်း၊ အဓမ္မစေခိုင်းခြင်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘာသာ၊ သာသနာဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ယဉ်ကျေးမှုနဲ့ ပညာရေးဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်နိုင်၊ ရယူနိုင်သည့် အခွင့်အရေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံသားများ၏ တာဝန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်ဆိုသည့် စကားရပ်နဲ့စပ်လျဉ်း၍လည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားခဲ့သည်ကို တွေ့ရပါကြောင်း။

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလ အခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သော မြို (ခေါ်) ခမိ အမျိုးသား ညီညွတ်ရေး အဖွဲ့မှ ဦးမောင်ပိန် (ခေါ်)ဦးခင်မောင်သိဏ်း ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို လေ့လာသုံးသပ်ရာတွင် ပြည့်စုံလုံလောက်မှုရှိပြီး စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်သည့်အချက် (၄၈) ချက်ကို တွေ့ရှိရပါကြောင်း။

သို့ပါ၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြထားသော အချက် (၄၈) ချက်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုးက ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အခန်းတစ်ခန်းအဖြစ် **"တပ်မတော်အခန်း"** အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှာကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သည့်အခြေခံရမည့်မူထဲတွင် "တပ်မတော်"နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများကို–

(က) တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်၊

(ခ) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်၊

(ဂ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်၊

(ဃ) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်၊

(င) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်

အချပ်ပို (ခ) သို့

နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေး စသည်တို့ခံစားခွင့်ရှိမည်

ရန်ကုန် ဇန်နဝါရီ ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၌ ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ ယင်းပါတီမှ ဦးကျာဟားရှဲ၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့် အရေးနှင့် တာဝန်များ အခန်းနှင့် တပ်မတော် အခန်းတို့ အတွက် ချမှတ် သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၌ ပါဝင်သော လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရှဲ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသား မျိုးနွယ်စုပေါင်း တစ်ရာကျော်ရှိပါကြောင်း၊ ယင်းတိုင်းရင်းသားများသည် ရှေးသမိုင်းမစတင်မီကတည်းကပင် အားလုံးသည် ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြပါကြောင်း၊ ယင်းတိုင်းရင်းသားများသည် ရေကြည်ရာ မြက်နုရာမှ ပြောင်းရွှေ့နေထိုင်ကြရင်း တစ်နိုင်ငံလုံး နေရာဒေသတိုင်း၌ အတူတကွ ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး ရောနှောလျက် အခြေချ နေထိုင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယခုအချိန်မှာဆိုလျှင် လမ်းပန်းဆက်သွယ်မှု ချောမောလွယ်ကူပြီးဖြစ်သည့်အတွက် တိုင်းရင်းသားများသည် ယခင်ကထက် ပိုမိုပြီး ရောနှောလျက် အခြေချနေထိုင်ကြသည်ကို တွေ့မြင်ရပါကြောင်း၊ ယင်းတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများသည် သဘောသဘာဝအားဖြင့် တူညီသည့် ဝိသေသလက္ခဏာများ ရှိကြသကဲ့သို့ ကွဲပြားမှုများလည်း အထိုက်အလျောက်ရှိကြပါကြောင်း၊ ထို့ကြောင့် သူတို့ချစ်ခင်မြတ်နိုးသည့် အနုပညာများသာမက၊ အချို့တိုင်းရင်းသားများသည် စာပေများလည်း ရှိကြသည်များကို သိရှိရပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါ နိုင်ငံအတော်များများတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သီးသန့်အခန်းတစ်ခန်း သတ်မှတ်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ မိမိတို့ပြည်ထောင်စု မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် မူလအခွင့်အရေးများဆိုသည့် ခေါင်းစဉ်နှင့် နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးများကိုပြဋ္ဌာန်းထားရှိပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများဆိုသည့်ခေါင်းစဉ် ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါကြောင်း၊ မူလအခွင့်အရေးများကိုအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသည့်အခါ အဓိကအားဖြင့် နိုင်ငံသားဖြစ်ရန်အတွက် လိုအပ်သည့်အရည်အချင်းများ၊ ဥပဒေရေးရာတွင် တန်းတူညီမျှမှု၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စည်းရုံးဟောပြောခွင့်၊ နိုင်ငံတော်အတွင်း အခြေစိုက်နေထိုင်ခွင့်၊ ပစ္စည်းပိုင်ဆိုင်ခွင့်၊ နေအိမ်ဥပစာလုံခြုံမှုရရှိခွင့်၊ အဓမ္မစေခိုင်းခြင်းမှကင်းလွတ်ခွင့်၊ မိမိယုံကြည်နှစ်သက်သည့် ဘာသာ သာသနာကို လွတ်လပ်စွာကိုးကွယ်ဆည်းကပ်ခွင့်၊ မိမိနှစ်သက်မြတ်နိုးသောစာပေ၊ ပညာနှင့် ယဉ်ကျေးမှုစသည်တို့ကို လွတ်လပ်စွာဖော်ထုတ်ဆောင်ရွက်ခွင့်၊ ဥပဒေပြုလွှတ်တော်များတွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ နိုင်ငံတော်က ခွင့်ပြုသော စီးပွားရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်၊ ပြစ်မှုများတွင်ဥပဒေသတ်မှတ်ချက်များနှင့်အညီသာ ချုပ်နှောင်စစ်ဆေးစီရင်ပိုင်ခွင့်၊ မိမိဆုံးရှုံးနစ်နာသည့်အခွင့်အရေးများအတွက် အကာအကွယ်ရယူပိုင်ခွင့်စသည်တို့ ပါဝင်သင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့အပြင် အမျိုးသားညီလာခံ၌ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်ဟု ဖော်ပြထားသည်ကို လေ့လာ တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်းပြီး–

၁။ အောက်ဖော်ပြပါအရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊

(ခ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူ။

၂။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေအဖြစ် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်ဆိုသည့် အခြေခံရမည့်မူကိုပဲ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်လျော်ပါကြောင်း တင်ပြအပ်ပါကြောင်း။

'နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့်တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊

နိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးမည်

တရားမျှတမှု အခွင့်အရေး စသည့်တို့ခံစားခွင့်ရှိမည်'ဟု အမျိုးသားညီလာခံက အသေးစိတ်မူတစ်ရပ် ချမှတ်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏ မည်သည့်နိုင်ငံသားမဆို လူမျိုး၊ဇာတိအရဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအရဖြစ်စေ၊ ရာထူးအဆင့်အတန်း၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အမျိုးသားအမျိုးသမီး၊ ဆင်းရဲချမ်းသာအရဖြစ်စေ၊ အတန်းအစားခွဲခြားမှု မပြုသင့်ဘဲ လုပ်ငန်းများဆောင်ရွက်သည့်အခါ တူညီသည့်အခွင့်အလမ်းများ လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသင့်ပါကြောင်း။

ထို့ကြောင့် နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေးရှိစေရေးနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အသေးစိတ်အခြေခံမူအဖြစ် ချမှတ်ထားသည့် ကောက်နုတ်စုစည်းချက် အမှတ်စဉ်(၃)မှ(၈)အထိ အချက်အလက်များသည် ကျိုးကြောင်းဆီလျော်မှုရှိပါသဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအချို့၌ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာပါရှိသည့် မူလအခွင့်အရေးများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လေ့လာသည့်အခါ သက်ဆိုင်ရာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေအနေများအပြင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးစသည့် အခြေအနေအရပ်ရပ်များကို စဉ်းစားကြပြီး မိမိတို့နိုင်ငံနှင့် လျော်ကန်သင့်မြတ်မည့် အချက်များကို ပြဋ္ဌာန်းထားရှိသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် မိမိတို့ နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင်လည်း မူလအခွင့်အရေးများနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ထိုအချိန်၊ ထိုအခြေအနေများနှင့် လျော်ကန်သင့်မြတ်သည်များကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌက လွတ်လပ်မှုအခွင့်အရေးနှင့် ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ထားသည့် ကောက်နုတ်စုစည်းချက် အမှတ်စဉ်(၉)မှ (၁၃)အထိ အချက်များသည် ခေတ်အခြေအနေနှင့် ဆက်စပ်မှုရှိပြီး လျော်ကန်သင့်မြတ်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်တွင် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ကျင့်သုံးမည် ဖြစ်ပါကြောင်း၊ ဤသို့ ကျင့်သုံးဖော်ဆောင်ရာတွင် လူကိုတန်ဖိုးထား အမြတ်တနိုးရှိကြပါကြောင်း၊ ကမ္ဘာ့သမိုင်းတွင် ရှိခဲ့ဖူးသည့် လူကို ရောင်းကုန်သဖွယ် အရောင်းအဝယ်ပြုခြင်း၊ လူကို ကျေးကျွန်ပြုခြင်းများကို ခွင့်မပြုကြောင်း၊ အချို့နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဥပဒေအရ ပြစ်ဒဏ်ချမှတ်ခံရ၍ အလုပ်ဒဏ် ထမ်းဆောင်ပေးအပ်ခြင်းနှင့် နိုင်ငံတော်နှင့် အများပြည်သူများ၏ အကျိုးအတွက် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချခြင်းတို့ကလွဲပြီး လူကို အဓမ္မစေခိုင်းခြင်းများ မပြုကြကြောင်း တွေ့ရှိရပါကြောင်း၊ မိမိတို့နိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း အဲဒီလိုကိစ္စမျိုးများကို တားမြစ်သည့် ပြဋ္ဌာန်းချက်များရှိပါကြောင်း။

ထို့ကြောင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူအရောင်းအဝယ်ပြုမှုများကို တားမြစ်သည်။ နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့်အညီ တာဝန်ချထားခြင်းမှတစ်ပါး အဓမ္မစေခိုင်းခြင်းကို တားမြစ်သည်ဟု ချမှတ်ထားသည်မှာ သင့်မြတ်ပါကြောင်း။

အချပ်ပို (ဂ) သို့

အချပ်ပို (က) မှ

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ် စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်၊

(စ) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ် စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်

ဟု ချမှတ်ခဲ့ကြောင်း၊ သက်ဆိုင်ရာအခန်းအတွက်ဆွေးနွေးသည့်အခါ အခြေခံအဖြစ် ထားရှိဆောင်ရွက်ရန်ဟူ၍ အဆိုပါညီလာခံစုံညီအစည်းအဝေးက သတ်မှတ်ခဲ့ကြောင်းဖြင့် တပ်မတော်နှင့်စပ်လျဉ်းသည့် အခြေခံရမည့်မူများကို ပြောင်းရွှေ့ဖော်ပြသင့်သည့်ကိစ္စကို ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဆက်လက်ရှင်းလင်းပြောကြားခဲ့ရာတွင် နိုင်ငံတော်တစ်ရပ်ရှိလာလျှင် ထိုနိုင်ငံတော်ကိုကာကွယ်ရန် တာဝန်ယူရသော အဖွဲ့အစည်းတစ်ရပ်ရှိရကြောင်း၊ ဤအဖွဲ့အစည်းသည် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်"တပ်မတော်"ပင်ဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကို တာဝန်ယူရသည်နှင့်အညီ တပ်မတော်တစ်ရပ် အင်အားတောင့်တင်းနေမှသာလျှင် နိုင်ငံတော်လုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးတို့အတွက် အာမခံချက်ရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးစီးပွားကို အစွမ်းကုန်ဖြည့်ဆည်းပေးရမည်ဆိုသည့် အမျိုးသားရည်မှန်းချက်နှင့်အတူ ဒို့တာဝန်အရေးသုံးပါးကို မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် ကျေပွန်စွာ ထမ်းဆောင်နိုင်သည်ကို တွေ့ခဲ့ရပြီဖြစ်ကြောင်း၊ ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေး သာယာဝပြောပြီး အေးချမ်းတည်ငြိမ်သောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်ထည်ဝါစွာ သိက္ခာရှိရှိ အစွန့်ရှည်စွာရပ်တည်နိုင်ရန် ကာကွယ်ရေးတာဝန်ကို တပ်မတော်က ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ အဆိုပါတာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်မတော်အင်အားတောင့်တင်းရန်လိုအပ်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် သမိုင်းကြောင်းအခြေခံအချက်အလက်များ နိုင်ငံတော်၏ လက်ရှိပကတိအနေအထားနှင့် ကမ္ဘာ့နိုင်ငံအချို့၏ လက်တွေ့ ကျင့်သုံးနေမှုများကို ထင်ဟပ်ပြီး မိမိတို့အနေနှင့် ဆန်းစစ်လေ့လာမှုပြုခဲ့ပါကြောင်း။

အကြောင်းတရားများပေါင်းစုံမှ အကျိုးတရားများဖြစ်ထွန်းလာဆိုသည့် နိယာမတရားအရ သူ့ကျွန်ဘဝမှလွတ်မြောက်ရန် တပ်မတော်ကို မျိုးချစ်နိုင်ငံရေးသမားများ စတင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားနိုင်ငံရေးဘဝကနေ တပ်မတော်သား ဘဝကို ပြောင်းလဲခံယူလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း၊ အထက်က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို လေ့လာသုံးသပ်မှုပြုသည့်အခါ တပ်မတော်အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်သည့်အချက်(၁၄)ချက်ကို သင့် မသင့် စုစည်းတင်ပြ ထားသည်ကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူ(၁၄)ချက်သည် သင့်တော်ညီညွတ်မှုရှိကြောင်းတွေ့ရှိရပါသဖြင့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိ

အချပ်ပို (ခ) မှ

ဗုဒ္ဓဘာသာ သာသနာတော်သည် နိုင်ငံတော်အတွင်းနေထိုင်ကြသည့် ပြည်သူများအများစုက ကိုးကွယ်သည့် ဘာသာသာသနာဖြစ်ပါကြောင်း၊ ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနှင့် နတ်ကို ယုံကြည်ကိုးကွယ်ကြသည့်သူများလည်း ရှိကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွင်း ပြည်သူများအနေဖြင့် မိမိတို့ယုံကြည်နှစ်သက်ကြသည့် ဘာသာသာသနာကို လွတ်လပ်စွာကိုးကွယ်ခွင့် ပြုသည့်အခါတွင် နိုင်ငံတော်အကျိုးနှင့် ပြည်သူများ၏ အကျိုးကို ရှေးရှုပြီး ဘာသာ သာသနာ ကိုးကွယ်မှုကို နိုင်ငံရေး၊ လူမှုရေး၊ အခြားလောကီရေးရာများနှင့် ရောထွေးမှု မရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံရေးကိစ္စအတွက် ဘာသာသာသနာကို အလွဲသုံးစားပြုမှုများပေါ်ပေါက်ခြင်း မရှိစေရေးအတွက်လည်းကောင်း၊ လူမျိုးရေးကြောင့်ဖြစ်စေ၊ ဘာသာ သာသနာရေးကြောင့်ဖြစ်စေ၊ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဂိုဏ်းနှင့်တစ်ဂိုဏ်း မုန်းတီးမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ စိတ်ဝမ်းကွဲမှုများ မပေါ်ပေါက်စေရေးအတွက် လည်းကောင်း လိုအပ်သည့်တားမြစ်ချက်များပါရှိစေသင့်ပါကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါကြောင်း။

ထို့ကြောင့်ဘာသာ၊ သာသနာဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည့်ပြည့်စုံစုံစုစည်းပြီး တင်ပြရှင်းလင်း ပြောကြားထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ အသေးစိတ်အခြေခံရမည့်မူအဖြစ် ကောက်နုတ်စုစည်းချက်အမှတ်စဉ်(၁၆)မှ (၂၂)အထိ အချက်များကို ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းနေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် တစ်ခုနှစ်တစ်ခု သဘာဝအားဖြင့်တူညီကြသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့်အနုပညာများရှိကြသကဲ့သို့ မတူညီကြသည့် ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုနှင့် အနုပညာလည်း ရှိကြပါကြောင်း၊ ထို့အပြင် အချို့တိုင်းရင်းသားများသည် မြန်မာစကားနှင့်စာပေကို ပြောဆိုအသုံးပြုသော်လည်း အချို့တိုင်းရင်းသားများသည် မိမိတို့ဘာသာစကားနှင့် စာပေများလည်းရှိကြပါကြောင်း။

ထို့ကြောင့် တိုင်းရင်းသားတိုင်းသည် မိမိမြတ်နိုးသည့်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိသင့်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံသားများကို ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ သင်ကြားပိုင်ခွင့်ပေးသင့်ပါကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ပညာတတ်မြောက်မှုသည် အဓိကအခန်းကဏ္ဍတွင်ပါဝင်ပါကြောင်း၊ စာပေနှင့်အနုပညာ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တီထွင်ကြံဆ ဖော်ထုတ်ဆောင်ရွက်ကျင့်သုံးသည့်အခါတွင် တိုင်းရင်းသားတစ်စုသည် အခြားတိုင်းရင်းသားတစ်စုစု၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာစသည်တို့ကို ထိပါးခြင်းမရှိရန် ရှောင်ကြဉ်ရန်လိုအပ်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ယဉ်ကျေးမှုနှင့်ပညာရေးဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး ချမှတ်ထားသည့်အသေးစိတ်အခြေခံရမည့်မူ ကောက်နုတ်စုစည်းချက်အမှတ် စဉ်(၂၃)မှ(၂၅)အထိ အချက်ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ထားသည်မှာ ပြီးပြည့်စုံပြီးဖြစ်သည့်အတွက်ကြောင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း သုံးသပ်ရရှိပါကြောင်း။

ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး မိမိတို့ပါတီအနေနှင့် ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ယခုအခါ လူဦးရေသန်းပေါင်း၅၀ကျော် ရှိနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီးသည့်အခါ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် အခြေခံအုတ်မြစ်များလည်း ချမှတ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ၌ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူများထံတွင် တည်ပါကြောင်း၊ ပြည်သူများသည် အချုပ်အခြာအာဏာနှင့် ပတ်သက်ပြီး ကိစ္စအဝဝကို လက်တွေ့အားဖြင့် တစ်နေရာတည်းတွင် စုဝေးဆွေးနွေးဆုံးဖြတ်နိုင်ကြမည် မဟုတ်သည့်အတွက် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်ဆင့်သော လွှတ်တော်များ ဖွဲ့စည်းဆောင်ရွက်ကြရပါကြောင်း၊ ယင်းလွှတ်တော်များတွင် သက်တမ်းကာလသတ်မှတ်ပြီး ပြည်သူ့ကိုယ်စားဆောင်ရွက်မည့် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူကဆန္ဒမဲပေးကြပြီး ရွေးကောက်တင်မြှောက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိကြမည်ဖြစ်ပါကြောင်း၊ ပြည်သူအနေနှင့် မိမိတို့ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန် ကျေပွန်မှု မရှိခဲ့လျှင်လည်း ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်လည်း ပေးရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိကြောင်း။

လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာမဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်ဟု အသေးစိတ်အခြေခံရမည့်မူချမှတ်သင့်ပါကြောင်း။

မိမိတို့နိုင်ငံတော်၌ ကျင့်သုံးမည် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေး စနစ်ဖြစ်ကြောင်း၊ နိုင်ငံတော်အခြေခံမူအဖြစ် သတ်မှတ်ရန် အခြေခံရမည့်မူ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ နိုင်ငံတော်ကြီးသည်လည်း ဘက်စုံဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့် ပေးရန်လိုအပ်သကဲ့သို့ နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းရရှိအောင် နိုင်ငံတော်က ကူညီပေးရန်လိုအပ်ပါကြောင်း၊ ဥပဒေနှင့် မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စ ဆောင်ရွက်သည့်အခါ ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံသင့်ပါကြောင်း။

ထို့ကြောင့် စီးပွားရေးဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတွင်း အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံသားများသည် စီးပွားရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

'စစ်မက်ဖြစ်ပွားချိန်၊ တိုင်းတစ်ပါးမှကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်တို့မှ အပ ထုတ်ဆင့်ပေးရန် ဖော်ပြထားခြင်းသည် 'နိုင်ငံသားတိုင်း ဥပဒေအရာတွင် ညီမျှမှုအခွင့်အရေးရှိစေရမည်' ဆိုသည့် မူသဘောတရားကို သရုပ်သကန်ပေါ်လွင်စေသည့် အချက်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

ထို့ပြင် ကာကွယ်ရေးတပ်ဖွဲ့ဝင်များ သို့မဟုတ် ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များ၊တာဝန်ထမ်းဆောင်နိုင်ရေး၊ စည်းကမ်းသေဝပ်ရေးတို့အတွက်ပေးအပ်ထားသည့် အခွင့်အရေးများ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်းများပြုနိုင်ကြောင်း ဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိရသဖြင့် ယင်းအချက်များ ချမှတ်ရန် ဖော်ပြထားသည့် အသေးစိတ်အခြေခံရမည့်မူများစုစည်းချက်အပိုဒ်(၃၅)မှ (၄၀)အထိတို့မှာ သင့်လျော်မှန်ကန်မှုရှိသဖြင့် အတည်ပြုရန်သင့်မြတ်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံသားတိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေအရ မူအခွင့်အရေးများကို ရယူခံစားခွင့်ပေးထားသလို အခွင့်အရေးနှင့်ဒွန်တွဲနေသည့်တာဝန်ကိုလည်း ကျေပွန်အောင်ထမ်းဆောင်ကြရန် အထူးလိုအပ်ပါကြောင်း၊ နိုင်ငံတော်ကြီး အဓွန့်ရှည်စွာတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားများထမ်းဆောင်ကြရမည့် တာဝန်များအနက် အဓိကတာဝန်သည် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းကြရန်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကိုစောင့်ရှောက်ကြရန် တိုင်းရင်းသားများအချင်းချင်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးရှိကြရန်၊ ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပေါ်ထွန်းလာရန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ

လွှတ်တော်တစ်ရပ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိ

နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် နည်းပညာ၊ အရင်းအနှီး၊ စက်မှုပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ရရှိစေရန် ကူညီမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ မဆန့်ကျင်စေဘဲ စီးပွားရေးကိစ္စများကို ဆောင်ရွက်ရာတွင် ပစ္စည်းပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်နှင့် ကိုယ်ပိုင်တီထွင်ခွင့်၊ မူပိုင်ခွင့်တို့ကို နိုင်ငံတော်က အာမခံရသည်ဟု အသေးစိတ် အခြေခံရမည့် မူအဖြစ် ချမှတ်သင့်ပါကြောင်း။

အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံမူများချမှတ်စဉ်က 'တရားရုံး၏ ခွင့်ပြုချက်မရရှိဘဲ နိုင်ငံသားတစ်ဦးကို ၂၄နာရီထက်ကျော်လွန်ပြီး ချုပ်နှောင်ခွင့်မရှိစေရ'ဟုအခြေခံမူချမှတ်ထားပြီးဖြစ်ပါကြောင်း။ ယခုကဲ့သို့ တရားရုံး၏ ခွင့်ပြုမိန့်မရဘဲ ၂၄ နာရီထက် ပိုမိုချုပ်နှောင်ခြင်းမျိုးကို နိုင်ငံသားများနှင့်သာမက နိုင်ငံသားမဟုတ်သူများနှင့်ပါ အကျုံးဝင်စေသင့်ကြောင်း လေ့လာသုံးသပ်ရပါကြောင်း။

ထို့ကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်တွင် ပြစ်မှုဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူအဖြစ်ချမှတ်ထားသည့် ကောက်နုတ်စုစည်းချက်အမှတ်စဉ် (၃၁)မှ(၃၄)အထိ အချက်အလက်များသည် ဖြည့်စွက်အကြံပြုရန် မလိုအပ်ဘဲ ပြည့်စုံလျက်ရှိကြောင်းကို တွေ့ရှိရပါကြောင်း။

အမျိုးသားညီလာခံက တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ပေးရာတွင် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဖွဲ့စည်းကြောင်း အသေးစိတ်အခြေခံရမည့်မူ ချမှတ်ထားပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အခြေခံမူများသတ်မှတ်ရေးအတွက် အခြေခံမည့်မူများချမှတ်ထားရာမှာလည်း တရားစီရင်ရေးနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအနက် အောက်ပါအခြေခံရမည့်မူ ချမှတ်ထားပါကြောင်း။

'ပြည်ထောင်စုတွင် ပြည်ထောင်စု တရားလွှတ်တော်တစ်ရပ်ထားရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ် သည်။ ပြည်ထောင်စုတရားလွှတ်တော်တွင် စာချွန်တော်အမိန့်များ ထုတ်ပိုင်ခွင့်အာဏာများ ရှိသည်'

ဟု ချမှတ်ထားပြီးဖြစ်ပါကြောင်း။

ဆက်လက်ပြီး အထက်အပိုဒ်တွင် ဖော်ပြထားသည့် တရားစီရင်ရေးနှင့် ဆက်နွယ်သည့် ကိစ္စတစ်ရပ်ရပ်အတွက် ပေးအပ်ထားသည့် အခွင့်အရေးနှင့် စပ်လျဉ်းသည့် လျှောက်ထားလာသည့် စာချွန်တော်အမိန့်များအပေါ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို

သင်ကြားကြပြီး လိုအပ်သည့်အခါ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းကြရန် တာဝန်များလည်းရှိကြပါကြောင်း၊ ထို့အပြင် နိုင်ငံသားများအနေနှင့် ဥပဒေအရသတ်မှတ်ထားသည့် အခွန်အကောက်များ ပေးဆောင်ရမည့်တာဝန်များကို ကျေပွန်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံသားများ၏တာဝန်များနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ထားသည့်ကောက်နုတ်စုစည်းချက် အမှတ်စဉ်(၄၁)မှ(၄၇)အထိအချက်ကို အခြေခံရမည့်မူအဖြစ်ချမှတ်ထားသည်မှာ ဆီလျော်သင့်မြတ်မှုရှိပါကြောင်း တင်ပြအပ်ပါကြောင်း။

မြန်မာနိုင်ငံ၌ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း(၂)မူလအခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက်တွင် 'နိုင်ငံတော်' ဆိုသည့်စကားရပ်၏အဓိပ္ပာယ်ကို ရှင်းလင်းထားပါကြောင်း၊ ယခု အမျိုးသားညီလာခံက 'နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များ' အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်သည့်အခါတွင် 'နိုင်ငံတော်' ဆိုသည့်စကားရပ်သည် မည်သည့်အဖွဲ့အစည်းအာဏာပိုင်တို့ပါဝင်ကြောင်း တိကျရှင်းလင်းမှုရှိရန် တစ်ပါတည်း ဒီစကားရပ်၏ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်ကိုပါ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်ထားသင့်ပါကြောင်း။

ထို့ကြောင့် 'နိုင်ငံတော်'ဆိုသည့် စကားရပ်နှင့်စပ်လျဉ်းပြီး—

ဤအခန်းပါနိုင်ငံတော်ဆိုသည်မှာ ရှေ့နောက် စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုခွင့်အာဏာကိုသော် လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာကိုသော် လည်းကောင်း၊ ကျင့်သုံးသော အဖွဲ့အစည်းကိုဆိုလိုသည်

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း။

ယခုဆက်လက်ပြီး တပ်မတော်အခန်းနှင့်စပ်လျဉ်း၍ မိမိတို့ပါတီအနေ ဖြင့် ဆွေးနွေးတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် တပ်မတော်နှင့် စပ်လျဉ်းပြီး မူတစ်ရပ်ချမှတ်ခဲ့ပါကြောင်း။

(၁) တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့်တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။

(၂) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ခွင့်ရှိသည်။

(၃) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်။

အချပ်ပို (ဃ) သို့

တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့်တစ်ခုတည်းသော တပ်မတော်ဖြစ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သည်

အချပ်ပို (ဂ) မှ

(၄) တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။

(၅) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်။

(၆) တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်များရှိသည်

ဟု အခြေခံမူတစ်ရပ် ချမှတ်ထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

၂၀၀၅ခုနှစ်မတ်လ၂၇ရက်တွင်ကျင်းပခဲ့သည့်နှစ်(၆၀)ပြည့်တပ်မတော်နေ့အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားမြှင့်တင်ရေးနှင့်စပ်လျဉ်းပြီး ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တို့တပ်မတော်ကို အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဦးအောင်ဇေယျ ဘုရင်မင်းမြတ်တို့တည်ထောင်ခဲ့သည့် ထက်မြက်သောတပ်မတော်များ၏ လက်ဆင့်ကမ်းအမွေကိုခံယူလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းအင်ထက်မြက်သော ခေတ်မီတပ်မတော်ကြီးအဖြစ် တည်ဆောက်ခြင်းဖြင့် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းအားကို မြှင့်တင်ရမည်**ဟု မိန့်ကြားခဲ့ပါကြောင်း။

တပ်မတော်သည် နိုင်ငံတော်၏ကာကွယ်ရေးကို တာဝန်ယူရသည်နှင့်အညီ တပ်မတော်တစ်ရပ် အင်အားတောင့်တင်းနေမှသာလျှင် နိုင်ငံတော်၏ လုံခြုံရေးတည်တံ့ခိုင်မြဲရေးအတွက် အာမခံချက်ရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို အစွမ်းကုန်ဖြည့်ဆည်းပေးရသည့် အမျိုးသားရေးရည်မှန်းချက်နှင့်အတူ ဒို့တာဝန်အရေးသုံးပါးကို မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက် ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်ကို တွေ့ခဲ့ရပြီးဖြစ်ပါကြောင်း၊ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး သာယာဝပြောသည့် အေးချမ်းတည်ငြိမ်သော နိုင်ငံအဖြစ် ကမ္ဘာ့အလယ်ဝင့်ထည်စွာ သိက္ခာရှိရှိ အဓွန့်ရှည်စွာ ရပ်တည်နေနိုင်ရန် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်ကာကွယ်ရေး အင်အားတောင့်တင်းခဲ့သော ကာလများဖြစ်သည့် ပုဂံခေတ်အနော်ရထာမင်းလက်ထက် ပထမမြန်မာနိုင်ငံတော်၊ တောင်ငူခေတ် ဘုရင့်နောင်ကျော်ထင်နော်ရထာအုပ်စိုးစဉ် ဒုတိယမြန်မာနိုင်ငံတော်၊ ကုန်းဘောင်ခေတ်အလောင်းဘုရား ဦးအောင်ဇေယျအုပ်စိုးစဉ် တတိယမြန်မာနိုင်ငံတော်တို့သည် တပ်မတော်အင်အား တောင့်တင်းခဲ့မှု၏ သာဓကပြယုဂ်များဖြစ်ပါကြောင်း၊ ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ ခုနှစ် တပ်မတော်အင်အားချည့်နဲ့ခဲ့သောကာလများတွင် တိုင်းပြည်အစိတ်စိတ်အမြွှာမြွှာဖြစ်ခဲ့ပြီး နောက်ဆုံး အချုပ်အခြာအာဏာလွတ်လပ်ရေးပင် ဆုံးရှုံးခဲ့ရသည်ကို တွေ့သိခံစားခဲ့ရပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် အထက်က မိမိတို့ ရှင်းလင်းတင်ပြခဲ့သည့် အကြောင်းအချက်များအရ အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် တပ်မတော်သည် အင်အားတောင့်တင်းပြီး ခေတ်မီသည့် တစ်ခုတည်းသောတပ်မတော်ဖြစ်သည် ဆိုသည့် အခြေခံရမည့်မူကို မှီငြမ်းပြုပြီး တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းအင်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်တို့သည် သင့်လျော်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုအပ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံလုံး၏ ပင်မဥပဒေဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖော်ဆောင်မည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သည့် အခြေခံမူများက အခြေခံရေးဆွဲထားသော ဥပဒေဖြစ်ပါကြောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေကိုထိပါးဖျက်ဆီးစေခြင်းသည်နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကိုလည်းကောင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာကိုလည်းကောင်း၊ ထိခိုက်သောအန္တရာယ်ပင်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်၏အကြီးမားဆုံးသော အန္တရာယ်ပင်ဖြစ်ပါကြောင်း၊ ယင်းအန္တရာယ်ကို ထိရောက်မြန်ဆန်စွာ ကာကွယ်နိုင်သည့် အဖွဲ့အစည်းသည် တပ်မတော်တစ်ရပ်သာဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်သည့် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ဆိုသည့် အခြေခံမူကိုပင် တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်လျော်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံသည် တိုင်းရင်းသားစုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ပြီး သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသား အပေါင်းတို့သည် အေးအတူပူအမျှ နေထိုင်လာခဲ့ကြပါကြောင်း၊ ဤသို့နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အခြေခံထားသည့် သွေးချင်းများ ဖြစ်ကြပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်လာခဲ့ရာ (၁၉)ရာစုတွင် ကိုလိုနီနယ်ချဲ့များ၏ သုံးကြိမ်တိုင်တိုင် စစ်မက်ကျူးကျော် တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရပြီး နိုင်ငံတော်ကို မတရားသဖြင့် သိမ်းပိုက်ကျွန်ပြုအုပ်စိုးခြင်းကို ခံခဲ့ရပါကြောင်း၊ ဤသို့ ကျွန်ပြုသိမ်းပိုက်မှုကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများသည် မျိုးချစ်စိတ်ဓာတ်ပြင်းထန်စွာဖြင့် လက်နက်စွဲကိုင် ခုခံတွန်းလှန်တိုက်ခိုက်ခဲ့ကြပါကြောင်း၊ ထိုသို့ လွတ်လပ်ရေးပြန်လည်ရရှိအောင် ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသူများနည်းတူ လွတ်လပ်ရေးပြန်လည်မဆုံးရှုံးရအောင် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်သော တိုက်ပွဲပေါင်းများစွာအနက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသားအားလုံး၏ သားသမီးများဖြစ်ကြသော တပ်မတော်သားအပါအဝင် ဝန်ထမ်းများနှင့် ပြည်သူအများအပြား ရှိခဲ့ပါကြောင်း။

ထို့ကြောင့် ချမှတ်ပြီးဖြစ်သည့် အမျိုးသားညီလာခံက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင် အဓိကတာဝန်ရှိသည်ဆိုသည့် အခြေခံမူကို တပ်မတော်အခန်းမှ အသေးစိတ်အခြေခံမူအဖြစ် ပြောင်းရွှေ့ဖော်ပြရန် သင့်လျော်ပါကြောင်း ဆွေးနွေးအကြံပြုအပ်ပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ၄ရက်တွင် လွတ်လပ်ရေးကို ပြည်သူလူထုသည် တပ်မတော်ကို မဏ္ဍိုင်ပြု၍ ပြည်လုံးကျွတ် ခုခံတွန်းလှန်ကြိုးပမ်းအားထုတ်မှုကြောင့် လွတ်လပ်ရေး ရခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးနောက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲသည့်အတွက် ရောင်စုံသောင်းကျန်းသူ ပြည်တွင်းအန္တရာယ်များ ၁၉၄၈၊ ၁၉၄၉ ခုနှစ်များအတွင်း ကြုံကြိုက်ခဲ့ပြန်သည့်အတွက်ကြောင့် တပ်မတော်ကပင် အမျိုးသားနိုင်ငံရေးဦးဆောင်မှုကို ရယူ၍ နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပါကြောင်း။

၁၉၅၃ ခုနှစ်တွင် ကျူးကျော်လာသော တရုတ်ဖြူအင်အား ၁၂၀၀၀ ကျော်ကိုလည်း တပ်မတော်က တိုက်ထုတ်ပြီး သိမ်းပိုက်ခံနယ်မြေများကို ရယူ ပြန်လည်ထိန်းသိမ်းခဲ့ရပါကြောင်း၊ ၁၉၅၈ ခုနှစ်တွင် ဖဆပလနှစ်ခြမ်းကွဲပြီး နိုင်ငံတော်ပြိုကွဲပျက်စီးမည့်ချိန်တွင် တပ်မတော်က အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ရပါကြောင်း၊ ထို့အပြင် ၁၉၆၁ ခုနှစ်တွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားနည်းမှုကြောင့် ပြည်ထောင်စုကြီး ပြိုကွဲတော့မည့်

တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းအင်ထက်မြက်သော ခေတ်မီသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်သည်

အခြေအနေကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရပါကြောင်း။

ယင်းနောက် ၁၉၈၈ ခုနှစ်တွင် နိုင်ငံနှင့်အဝန်း ဖြစ်ပေါ်ခဲ့သည့် မင်းမဲ့စရိုက်ဆိုးကြီးကြောင့် ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု ကင်းမဲ့သွားသည့်အပြင် ပြည်ပမှလည်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဝင်ရောက်ခြိမ်းခြောက်စွက်ဖက်လာသည့် အခြေအနေသို့ ရောက်ရှိခဲ့သောကြောင့် တပ်မတော်သည် သမိုင်းပေးတာဝန်အရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို မလွှဲမရှောင်သာ ဝင်ရောက်ရယူခဲ့ပါကြောင်း။

ထို့ကြောင့် တင်ပြခဲ့သည့် နိုင်ငံသမိုင်းစဉ် ဖြစ်ရပ်များအရ နိုင်ငံတော်အား ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုမြန်မာ နိုင်ငံအား ပြည်တွင်းပြည်ပ အန္တရာယ်များမှ ကာကွယ်ရေးအတွက် တပ်မတော်က ဦးဆောင်ရမည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့သည် တပ်မတော်ဖြစ်သည် တို့သည် သင့်လျော်ပါသဖြင့် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

၁၉၄၇ခုနှစ် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ(၁၇၁)တွင် နိုင်ငံသားတိုင်းသည် ဥပဒေအရ စစ်ပညာသင်ကြားရမည်၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင် အမျိုးသားညီလာခံကလည်း နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးတာဝန်များနှင့် စပ်လျဉ်းသည့် အခြေခံမူများသည်လည်း နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်ပညာသင်ကြားရန် တာဝန်ရှိရမည်၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ စစ်မှုထမ်းရန်တာဝန်ရှိမည်ဟု ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။ တပ်မတော်၏ ဦးဆောင်မှုဖြင့် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်ရမည်ဟု အခြေခံရမည့်မူ ချမှတ်ရန် သင့်လျော်ပါကြောင်း၊ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများကို ကွပ်ကဲမှုနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အခန်းကဏ္ဍနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ထားခဲ့ပြီးဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲဖြစ်သည် ဆိုသည့် အခြေခံရမည့်မူကိုလည်း တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြရန်သင့်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရေးနှင့် စပ်လျဉ်းပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆင့်သတ်မှတ်ရာတွင် မှီငြမ်းပြုနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်လို့ အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်ရန်သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အုပ်ချုပ်ရေးအကြီးအကဲဖြစ်ကြောင်း၊ အမျိုးသားညီလာခံက အခြေခံမူတစ်ရပ်ချမှတ်ထားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရန် နိုင်ငံတော်သမ္မတကို တာဝန်ပေးသင့်ပါကြောင်း၊ ဤသို့တာဝန်ပေးရာတွင် နိုင်ငံတော်သမ္မတ တစ်ဦးတည်း၏သဘောဆန္ဒနှင့်အဆုံးအဖြတ်ပြုသည်ထက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏အဆိုပြုထောက်ခံချက်ကိုရယူပြီးမှ ခန့်အပ်တာဝန်ပေးမည်ဆိုလျှင် ပိုမိုလျော်ကန်သင့်မြတ်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခန့်အပ်တာဝန်ပေးခြင်းနှင့် စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အဆိုပြုထောက်ခံချက်ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်တာဝန်ပေးရမည်ဟု အသေးစိတ်အခြေခံရမည့်မူတစ်ရပ် ချမှတ်သင့်ကြောင်း၊ တပ်မတော်သည် မိမိတို့၏ တပ်မတော်ရေးရာကိစ္စအဝဝကို လွတ်လပ်စွာ စီမံဆောင်ရွက်ပိုင်ခွင့်ရှိမှသာလျှင် တပ်မတော်ကထမ်းဆောင်ရမည့်တာဝန်များကို အချိန်နှင့်တစ်ပြေးညီ ကျေပွန်စွာထမ်းဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ တပ်မတော်က ဆောင်ရွက်ရသည့် ကာကွယ်ရေးနှင့်လုံခြုံရေးရာကိစ္စများသည် များသောအားဖြင့် လျှို့ဝှက်ချက်များဖြစ်ပြီး အလျင်အမြန်ဆုံးဖြတ်၍ ပြီးစီးအောင်ဆောင်ရွက်ကြရပါကြောင်း။

ထို့ကြောင့် ချမှတ်ထားပြီးဖြစ်သည့် အမျိုးသားညီလာခံက တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲစီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဆိုသည့်အခြေခံမူတစ်ရပ်ကို တပ်မတော်အခန်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၉၈/၉၉ ၌ တရားစီရင်ရေးရာတွင် အဖွဲ့ဖြင့်သာစီရင်ရမည်။ ပြည်သူ့တပ်မတော်သားများအတွက် စစ်ဘက်တရားစီရင်ရာတွင်မူ အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီစီရင်နိုင်သည်ဟုပြဋ္ဌာန်းခဲ့သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအတွက် တရားစီရင်ရာတွင် အဖွဲ့ဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်စည်းကမ်းကောင်းမွန်ရေးအတွက် လိုအပ်သော အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ကာ ထိန်းသိမ်းရပါကြောင်း၊ စစ်စည်းကမ်း လိုအပ်ချက်နှင့် စစ်ဘက်လတ်တလော လိုအပ်ချက်များကို အလုံးစုံ သိရှိနားလည်သူမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်ပါကြောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သားများအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်မည့်သူသာ ဖြစ်ပါကြောင်း။

ထို့ကြောင့် စစ်ဘက်တရားစီရင်ရေးတွင် အပြီးအပြတ်၊ အဆုံးအဖြတ်ဖြစ်ရေးနှင့်စပ်လျဉ်းပြီး စစ်ဘက်တရားစီရင်ရေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်ဟု အခြေခံရမည့်မူတစ်ရပ် ချမှတ်သင့်ပါကြောင်း၊ တပ်မတော်သားတိုင်း နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်ကြိုးပမ်းဆောင်ရွက်ကြရာတွင် မသန်မစွမ်းဖြစ်ခဲ့လျှင်သော်လည်းကောင်း၊ သေဆုံး၊ ကျဆုံးခဲ့လျှင်သော်လည်းကောင်း၊ ကျန်ရစ်သူမိသားစုများအတွက် နိုင်ငံတော်က စောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

ထို့ကြောင့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံး၊ ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်ဟု အခြေခံမူတစ်ရပ်အဖြစ် ချမှတ်သင့်ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးထိန်းသိမ်းပေးခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ကူညီပေးခြင်းကို ပြုလုပ်နိုင်ကြောင်း၊ လိုအပ်ပါက မိမိသဘောအလျောက် ဖော်ပြပါ ကိစ္စရပ်များအတွက် ဆောင်ရွက်နိုင်သည်ဟုလည်းကောင်း၊ တပ်မတော်သည် ပြည်သူများမှ ပေါက်ဖွားလာ၍ ပြည်သူများ၏ လုံခြုံမှုလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် ပြည်သူကို အလုပ်အကျွေးပြုရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်ဟုလည်းကောင်း၊ မြန်မာနိုင်ငံမှာ ရေးဆွဲပြဋ္ဌာန်းကျင့်သုံးခဲ့သည့် ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ(၉၄)နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၇၆)တို့တွင် ပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တွင် ဘေးအန္တရာယ်ကျရောက်လာပါက ကူညီဆောင်ရွက်ရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတော်တွင် နိုင်ငံတော်နှင့်နိုင်ငံသားများတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်သည် ကူညီဆောင်ရွက်ရမည်ဟု အသေးစိတ်အခြေခံရမည့် မူတစ်ရပ်ချမှတ်ထားခြင်းသည် လျော်ကန်သင့်မြတ်ပါကြောင်း၊ မိမိတို့ ပါတီ၏ သဘောထားအမြင်ကို ဆွေးနွေးအကြံပြုတင်ပြကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**